မျက်ပွင့်စာပေ

# Photoshop

## ကမ္ဘာသို့ အလည်တစ်ခေါက်လာခဲ့ပါ

Photoshop၏ လျှို့ဝှက်ချက်များ

ဦးအောင်နိုင်မော်




Adobe

# ကျေးဇူးမှတ်တမ်း ပန်ကြားလွှာ

Photoshop ကဲ့မှာသို့ အလည်တစ်ခေါက်လာခဲ့ပါ စာအုပ်ကလေးသည် Photoshopကို စတင် လေ့လာသူများ အတွက် ရိုးရှင်း လွယ်ကူသော ပုံစံများဖြင့် Photoshop CS3 ကိုအခြေခံ၍ တင်ပြပေးထားပါသည်။

အားနည်းချက် လိုအပ်ချက်များအား နားလည်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးနဲ့ ဤစာအုပ်ထဲမှ အနုပညာ တင်ပြချက်များ အတွက် မရှိတော့တဲ့ ကျွန်တော့်အဖေ ပန်းချီဆရာကြီး ဦးထွန်းငွေ(အထက်မင်းလှမြို့) နှင့်အမေ။

အပြည့်အဝ အကူအညီပေးခဲ့သော သူငယ်ချင်း မိုးကြီး(သစ်လွင်ဓါတ်ပုံ) မိသားစု၊သူငယ်ချင်း ယောင်ယောင်း၊ကျော်မင်း၊အောင်အောင်၊ဘိုစော၊ကိုဝင်းရွှေ ဖိုးကလဲ၊မျိုးဆက်(Mr.photo)၊တပည့်ကျော်ကြီး သန်းထိုက် နှင့် ထုတ်ဝေပေးသော ကိုမျိုးမင်းသန်း(မျက်ပွင့် စာပေ)တို့အား ကျေးဇူးအထူး တင်ရှိပါသည်။

အောင်နိုင်မော်
Pro-9 Computer Training Center
aungnaingmaw.pro9@gmail.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | အရောင်များရဲ့သီအိုရီ (သို့မဟုတ်) | ၁ |
| | စကားပြောသောအရောင်များ | |
| ၂ | RGB ကာလာစနစ် | ၃ |
| ၃ | CMYK ကာလာစနစ် | ၈ |
| ၄ | Adobe photoshop programs ကို | ၉ |
| | စတင်ဖွင့်လှစ်ခြင်း | |
| ၅ | Menu bar မှ File Menu | ၁၁ |
| | Edit Menu | |
| | Image Menu | |
| | Layer Menu | |
| | Select Menu | |
| | View Menu တို့ကိုလေ့လာရအောင် | |
| ၆ | Tool box ထဲက Tools များအကြောင်း | ၂၆ |
| ၇ | အခြေခံအစ File Open က | ၃၁ |
| ၈ | မသိရင်မဖြစ်တဲ့ Layer တွေအကြောင်း | ၃၈ |
| ၉ | Tool box ထဲက Crop Tool အကြောင်း | ၅၀ |




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀ | အလင်းအမှောင် နဲ့ အရောင်စနစ်တွေကို တွဲသုံးကြည့်ရအောင် | ၅၅ |
| ၁၁ | Level Window | ၇၀ |
| ၁၂ | Shadow Highlight Window | ၇၂ |
| ၁၃ | File တွေကို ဘယ်လိုသိမ်းမလဲ | ၇၄ |
| ၁၄ | (PSD Format) /(JPG Format) | ၇၈ |
| ၁၅ | လိုင်စင် ဓါတ်ပုံလေးတွေ ပြုလုပ်ကြည့်မယ် | ၈၀ |
| ၁၆ | Tool box ထဲက PenTool | ၉၇ |
| ၁၇ | Tool box ထဲက Clone StampTool | ၁၀၆ |
| ၁၈ | Tool box ထဲက PatchTool | ၁၁၀ |
| ၁၉ | File အသစ်တွေကို ဖွင့်လှစ်စို့ | ၁၁၃ |
| ၂၀ | အသားအရည်ချောမွေ့အောင် | ၁၁၅ |
| ၂၁ | စုတ်ချက် ကြမ်းကြမ်း ပန်းချီ | ၁၂၃ |
| ၂၂ | ဒီဇိုင်းဆန်းသစ် Background အဖြစ် | ၁၂၇ |
| ၂၃ | Backgroundအရောင်တွေပြောင်းရအောင် | ၁၃၈ |
| ၂၄ | အုတ်ကွက်နံရံBackgroundနဲ့လှပနေသော | ၁၅၀ |

# အရောင်များ ရဲ့ သီအိုရီ (သို့မဟုတ်) စကားပြောသောအရောင်များ

အရောင်တွေရဲ့အကြောင်းကို Photoshopနဲ့ဂရပ်ဖစ် ဒီဇိုင်းကို လေ့လာသူတွေ အနေနဲ့ အတိုင်းအတာ တစ်ခုလောက် အထိတော့ သိထားဖို့လိုအပ်လှပါတယ်။

ဘာကြောင့်လဲဆိုတော့ အရောင်တွေမှာ"အား"ဆိုတာရှိပါတယ်။ အရောင်တွေပေါ်မူတည်ပြီး ကျွန်တော်တို့ရဲ့စိတ်တွေဟာအနည်းနဲ့ အများ ပြောင်းလဲနေတတ် ပါတယ်လို့ ပြောရင် သင်လက်ခံနိုင်ပါ့မလား။

သင့်ရဲ့ တစ်နေ့တာမှာ သင်ဝတ်တဲ့ အဝတ်အစားရဲ့ အရောင်ဟာ သင့်စိတ်ကို ခံစားမှုတစ်စုံတစ်ရာနဲ့လွှမ်းမိုးနေတာကို သင်သတိပြုကြည့်တဲ့ အခါမှာ သိလာပါလိမ့်မယ်။

အဖြူအစိမ်း တူညီဝတ်စုံလေးတွေနဲ့ ကျောင်းသူကျောင်းသားလေးတွေကိုမြင်လိုက်ရတဲ့စိတ်ခံစားမှု၊ ဘုရားကျောင်းကန်သွားတဲ့အခါ ရွှေရောင်တွေတဝင်းဝင်းနဲ့ စေတီပုထိုး တန်ဆောင်းပြသဒ် တွေကို မြင်လိုက်ရ တဲ့ စိတ်ခံစားမှု၊ ပင်လယ်ပြင်ကြီးနဲ့ကောင်းကင်ပြာ၊ ညအမှောင်မှာ လရောင်လေးကို မြင်လိုက်ရတဲ့ စိတ်ခံစားမှု၊မြူခိုးတွေဝေသီနေတဲ့ တောင်ပြာတန်းနဲ့ စိမ်းညို့နေတဲ့ တောတောင်တွေရဲ့ အရိပ်မှာ ခိုနားလိုက်ရတဲ့ စိတ်ခံစားမှု၊ ဒီဇင်ဘာရဲ့နံနက်ခင်းမှာ နှင်းမှုန်ဖြူဖွေးလေးတွေကိုကြည့်နူးစွာခံစားရင်း လမ်းလျှောက်ရတဲ့ စိတ်ခံစားမှု စတဲ့ ခံစားချက်ပေါင်းများစွာမှာ အလင်းအမှောင်နဲ့ အရောင်တွေရဲ့"အား"ဟာ အပြည့်အဝတည်ရှိပါတယ်။



သဘာဝထဲက အရောင်တွေကိုဘဲ စိတ်ခံစားမှုတွေ စုစည်းလို့ စုတ်ချက်ပေါင်း မြောက်များစွာနဲ့ ရေးဆွဲလိုက်တဲ့အခါမှာများစွာသော ကမ္ဘာကျော် ပန်းချီကားတွေအဖြစ် ပေါ်ထွက်လာတာဟာ သဘာဝရဲ့အလင်းအမှောင်နဲ့ အရောင်တွေကို နားလည်ထားလို့ပေါ့။

ဒါကြောင့် ကမ္ဘာကျော် ပန်းချီကားတွေ၊ကမ္ဘာကျော်ဒီဇိုင်းပညာရှင်များရဲ့ အံ့မခန်းတဲ့ ဒီဇိုင်းလက်ရာတွေကို လေ့လာကြည့်ပါ။ အလင်း အမှောင်နဲ့ အရောင်တွေဟာ သူ့နေရာနဲ့သူ အံဝင်ဂွင်ကျရှိနေတဲ့အတွက် ဘယ်လို Effect မှ မပါလည်း စွဲဆောင်မှု အားကောင်းစွာနဲ့ လှပနေပါတယ်။



နောက်ပြီး ပန်းချီဆရာကြီးတစ်ဦးကပြောဖူးတယ်၊ ပန်းချီကားတစ်ချက်ဘဲဖြစ်စေ၊ ဓါတ်ပုံတစ်ပုံဘဲဖြစ်စေ Lighting မှာဆိုရင် အလင်း နဲ့ အမှောင်၊ အရောင်မှာဆိုရင် အဖြူနဲ့အနက် မပါဝင်ဘူးဆိုရင် အဲဒီပန်းချီကား နဲ့ ဓါတ်ပုံဟာ ပြီးပြည့်စုံတဲ့ ပန်းချီကား၊ ပြီးပြည့်စုံတဲ့ ဓါတ်ပုံတစ်ပုံဖြစ်လာမှာမဟုတ်ဘူးတဲ့

Photoshop နဲ့ ဂရပ်ဖစ် ဒီဇိုင်းကို လေ့လာသူတွေအနေနဲ့ သဘာဝရဲ့အရောင်တွေကို လေ့လာပါ၊အရောင်တွေရဲ့ "အား"ကို ပိုင်နိုင်စွာအသုံးချတတ်ဖို့ လိုပါတယ်။



ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ သဘာဝက ပေးစွမ်းတဲ့ အလင်းအမှောင်နဲ့ အရောင်တွေရှိသလို လူတွေရဲ့ သတ်မှတ်ချက်နဲ့ အရိုးစွဲနေတဲ့ အရောင်တွေဟာ ပျောက်ပျက်လို့ မရအောင်ကိုဘဲ အမြဲတမ်းသက်ဝင် လှုပ်ရှားနေပါတယ်။



ကားလမ်းမတစ်ခုရဲ့ လူကူးမျဉ်းကြားဟာ အဝါရောင်အဖြစ်နဲ့ တည်ရှိနေပါတယ်။ကျွန်တော်တို့လည်း အဝါရောင် မျဉ်းကြားလေးမြင်ရင် ဒါဟာ ကားလမ်းကူးဖို့ သတ်မှတ်ထားတဲ့ နေရာဆိုတာမြင်တာနဲ့သိနေကြပါတယ်။

ဒါဟာ အရောင်တွေနဲ့ စကားပြောခြင်းဖြစ်သလို ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းရဲ့သတ်မှတ်ချက်အရောင်လည်းဖြစ်ပါတယ်။

အဖြူအနီကြားထားတဲ့ ပလပ်ဖောင်းတွေမြင်ရင် သိတဲ့ ကားသမားတွေက အဲဒီပလပ်ဖောင်းဘေးမှာ ကားကိုမရပ်ကြပါဘူး၊ ဒါဟာ ယာဉ်မရပ်ရတဲ့ နေရာဆိုတာကို သိနေကြပါတယ်။

ဒါဟာလည်းအရောင်တွေနဲ့စကားပြောခြင်းပါ။




ဝါ၊စိမ်း၊နီ တပ်ဆင်ထားတဲ့ မီးပွိုင့်တွေဟာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အရောင်တွေနဲ့ သတ်မှတ်ပြီး စကားပြောခြင်းဖြစ်ပါတယ်။ အရောင်တွေမှာ ကိုယ်စားပြု အရောင်တွေကိုလည်း သတိထားကြည့်မိရင် ကျွန်တော်တို့ တွေ့မြင်ကြအုံးမှာပါ။

သစ်တောဆိုရင် အစိမ်းရောင်ပေါ်မှာ အဖြူရောင်ကို အသုံးများပြီး မီးရထားဆိုရင် အဝါရောင်အပေါ်မှာ အနက်ရောင်ကို အသုံးများပါတယ်။ ပညာရေးကတော့ အစိမ်းရောင်နဲ့ အဖြူရောင်ကို သုံးပြီး သာသနာရေးကတော့ အဝါရောင်ကိုဘဲကိုယ်စားပြုပြီး အသုံးများကြပါတယ်။



ယနေ့ထိပ်တန်းရောက်နေတဲ့ စီးပွားရေးလုပ်ငန်းကြီးများမှာ သူတို့လုပ်ငန်း သူတို့ ကုမ္ပဏီရဲ့ ကိုယ်စားပြုအရောင်တွေကို မပြောင်းလဲဘဲ စွဲစွဲမြဲမြဲ သုံးနေကြတာကိုရော သင်သတိထားမိပါရဲ့လား။



သဘာဝထဲက အရောင်တွေကို ပေါင်းစပ်ခြင်း အနုပညာတွေနဲ့ ဆန်းသစ်စွာ ဖန်တီးပြီး လူတွေရဲ့ စိတ်အစဉ်ကို လိုရာကို ဆွဲခေါ် စေနိုင်တာဟာလည်း အရောင်တွေရဲ့ ထူးဆန်းတဲ့ စွမ်းအားတွေပါဘဲ။

Alphine သောက်ရေသန့် စီးပွားရေး လုပ်ငန်းကြီးဟာ အပြာရောင်ကို ကိုယ်စားပြု အရောင်အဖြစ်သုံးထားသလို Grand Royal ကုမ္ပဏီကြီးဟာလည်း အဝါရောင်နဲ့ အနက်ရောင်ကို တွဲဖက်ပြီး ကုမ္ပဏီရဲ့ ကိုယ်စားပြု အရောင်အဖြစ် ရွေးချယ်ထားပါတယ်။

ဒီလို ကိုယ်စားပြုအရောင်တွေကို ရွေးချယ်ခြင်းဟာလည်း သူတို့ရဲ့လုပ်ငန်းကို အရောင်တွေနဲ့ စကားပြောခြင်းတစ်မျိုး ကြော်ငြာခြင်းတစ်မျိုးပါပဲ။ ကိုယ်စားပြုအရောင်ကို အဝေးကလှမ်းမြင်လိုက်တာနဲ့ ဒါဟာ ဘာလုပ်ငန်း၊ဘယ်ကုမ္ပဏီရဲ့ အရောင်ဆိုတာကို အရောင်တွေက လူတွေရဲ့ စိတ်ကို စွဲထင် နေစေပါတယ်။

ဒါကြောင့် စီးပွားရေးကြော်ငြာတွေအတွက် ဒီဇိုင်းတစ်ခုဖန်တီးတော့မယ်ဆိုရင် ကိုယ်စားပြုအရောင်လေးတွေ လွှမ်းမိုးပေးခြင်းဟာ အချိန်ကြာလာတာနဲ့အမျှ လူတွေရဲ့ စိတ်မှာလည်း အဲဒီ ကိုယ်စားပြုအရောင်လေးတွေဟာလည်း လွှမ်းမိုးစွဲထင်နေစေပါတယ်။


ဒီလကြော်ငြာမှာအရောင်တစ်မျိုး၊ နောက်လကြော်ငြာမှာအရောင်တစ်မျိုးနဲ့ အမျိုးမျိုးပြောင်းလဲနေရင် ထိရောက်တဲ့ ကြော်ငြာတစ်ခု ဖြစ်လာမှာမဟုတ်ပါဘူး။

ကြော်ငြာတစ်ခုမှာ အခြားဒီဇိုင်း တွေကိုဘဲ ပြောင်းလဲချင်ပြောင်းလဲပါ။ကိုယ်စားပြုအရောင်ကိုတော့ ဘယ်တော့မှမပြောင်းလဲသင့်ပါဘူး။

အရောင်တွေရဲ့အကြောင်း၊အရောင်တွေရဲ့သဘောသဘာဝတွေဟာ ပြောလို့ရေးလို့ မကုန်နိုင်လောက်အောင်ကိုဘဲ ကျယ်ပြောလှပါတယ်။

ကျွန်တော့အနေနဲ့ လေ့လာသူတို့ သိထားသင့်တယ်ထင်တဲ့ အကြောင်းအရာအချက်အလက်လေးတွေကို ရွေးချယ်တင်ပြထားခြင်းပါ။






ဆက်လက်ပြီး Photoshop ရဲ့ အရောင်စနစ်တွေကို လေ့လာကြည့်ပါဦး။ Photoshopမှာ အရောင်တွေကို စနစ်အမျိုးမျိုးနဲ့ အသုံးပြုကြပါတယ်။ အများဆုံးသုံးတဲ့စနစ်တွေကတော့ RGB color စနစ်နဲ့ CMYK Clor စနစ်ဘဲဖြစ်ပါတယ်။ RGB Color စနစ်မှာ Red, Green, Blue တို့ပါဝင်ပြီး CMYK Color စနစ်မှာတော့ Cyan, Magenta,Yellow,Black Color တို့ ပါဝင်ပြီး BlackColor ကို Blueနဲ့မှားယွင်းမှာစိုးလို့ "K" လို့သတ်မှတ်ခေါ် ဝေါ်ခြင်းဖြစ်ပါတယ်။




Tool Box ထဲက Foreground Colorနဲ့ Background Color တို့ကို Click နှိပ်လိုက်တာနဲ့ Color Picker မှာ အရောင်များကို ရွေးချယ်နိုင်ပါတယ်။ ဒီလိုရွေးချယ်တဲ့အခါမှာ မျက်စိအမြင်နဲ့ဖြစ်စေ တန်ဖိုးတွေသတ်မှတ်ပြီးဖြစ်စေ ရွေးချယ်လို့ရပါတယ်။

အရောင်များကို တန်ဖိုးနဲ့ ရွေးချယ်မယ်ဆိုရင်တော့ Decimal Value (0မှ255 ) ထိ နဲ့ဖြစ်စေ၊ HexValue (00 မှ FF ) ထိနဲ့ဖြစ်စေ ရွေးယူနိုင်ပါတယ်။ဥပမာအနေနဲ့ တင်ပြရရင် RGB စနစ်မှာ အနီရောင်စစ်ကိုရယူလိုလျှင် Decimal Value တွင် (255,0,0) သို့မဟုတ် Hex Value တွင် (FF,00,00) ဟု ရိုက်၍ ရွေးချယ် နိုင်ပါသည်။




အရောင်စနစ်များတွင် မူလရောင် (ဥပမာ RGB စနစ်တွင် မူလရောင်သည် Red,Green and Blue, CMYK စနစ်တွင် မူလရောင်သည် Cyan,Megenta,Yellow,Black) များကို ပေါင်းစပ်ခြင်းဖြင့် တစ်ဆင့် ရောင်နှင့် အခြားအရောင်များကို ရရှိပါသည်။


သို့ဖြင့် RGB စနစ်တွင် အဝါရောင်ရလိုပါကRed နဲ့ Green တို့ကိုတန်ဖိုးအများဆုံး (255,255,0) ပေးကာ ရောပေးရပါမည်။ အလားတူအခြားအရောင်များကိုလည်း ပေါင်းစပ်ရယူနိုင်ပါသည်။


အကယ်၍ သင်ရွေးချယ်လိုက်သောအရောင်ဟာ Print ထုတ်လို့မရနိုင်ရင် out of gamut for printing sign လေး ပေါ်လာပါလိမ့်မယ်။ ဒါမှမဟုတ် webpage တွေမှာ မပြဘူးဆိုရင် not a websafe colorလေး ပေါ်လာပါလိမ့်မယ်။အဲဒီ sign လေးကို mouse နဲ့ click နှိပ်ပေးလိုက်တာနဲ့ နီးစပ်တဲ့ အခြားအရောင်တစ်ခုကို Photo shopက ရွေးချယ်ပေးပါလိမ့်မယ်။


RGB pepfudk monitor, photoprinting sefvices နှင့် အခြားသော လုပ်ငန်းများတွင် သုံးပြီး CMYK ကိုတော့ ပုံနှိပ် offset နှင့်vinyl printingကဲ့သို့သော လုပ်ငန်းများတွင်သုံးပါတယ်။

ပုံတစ်ခုတွင်RGB စနစ်မှCMYK စနစ်သို့ဖြစ်စေ၊ CMYK စနစ်မှ RGB စနစ်သို့ဖြစ်စေပြောင်းလဲခြင်းသည် လက်ရှိ အသုံးပြုထားသော အရောင်များကို ပြောင်းလဲသွားစေနိုင်ပါတယ်။ ထို့ကြောင့် မိမိအသုံးပြုလိုသော အကြောင်းအရာကိုမူတည်၍ အရောင်စနစ်ကို ဦးစွာရွေးချယ်ဖို့ လိုအပ်ပါတယ်။

အဖြူရောင်ကိုရရှိရန် RGB တွင် (255,255, -255)အရောင်သုံးခုလုံးကို အများဆုံး တန်ဖိုးပေးရပါတယ်။






Friday, September 17, 2010 10:42:31 AM

ဒါကြောင့် RGB Colorများကို Additive Color လို့ခေါ်ပါတယ်။ CMYK မှာတော့ ပုံနှိပ်လုပ်ငန်းနဲ့ဆို ပိုရှင်းပါတယ်။စက္ကူဖြူပေါ်မှာ အဖြူရောင်ရဖို့ ဘာ ဆေးမှ မလိုအပ်ပါဘူး။ ဒါကြောင့် (0,0,0,0)ထိ ချပေးရမှာပါ။



အဲဒါတွေကြောင့် CMYK Colorများ ကိုSubtractive Color လို့ခေါ်ပါတယ်။ထပ်မံပြီး RGB ကာလာစနစ်နဲ့ CMYK ကာလာစနစ်နှစ်ခု ကို လေ့လာမိသမျှတွေထဲက အရှင်းလင်းဆုံးပုံစံလေးကို ရွေးချယ်တင်ပြပေးလိုက်ပါတယ်။

## RGB အရောင်စနစ်

RGB အရောင်စနစ်သည် Red, Green , Blue ဟုခေါ် သော အခြေခံအရောင်သုံးရောင်ကို အချိုးအမျိုးမျိုး ပြင်း အားအမျိုးမျိုး ပါဝင်ပေါင်းစပ်ခြင်းဖြင့် ဖြစ်ပေါ်လာသော အရောင်ဖော် စနစ်ဖြစ်ပါသည်။



Red,Green,Blue အရောင်များ တစ်ရောင် နှင့်တစ်ရောင် ထပ်မိစေခြင်းဖြင့် Cyan, Megenta,Yellow နှင့် White အရောင် များကို ဖြစ်ပေါ်လာစေသည်။ RGB သုံးရောင် အချိုးကျပေါင်းစပ် ခြင်းဖြင့် အဖြူရောင်ဖြစ်ပေါ်လာ သည့်အတွက် ၎င်းတို့ကို additive colours ဟုလည်းခေါ် ဆိုပါသည်။



ပါဝင်ပေါင်းစပ်သည့် အရောင် အား လုံးမှ ရောင်စဉ် တစ်ခုခုကို မယူဘဲ ၎င်းအပေါ်ကျရောက်သမျှ အရောင်အား လုံးကို မချွင်းမချန် ပြန်ထုတ်လွှင့်ပေးသည့် အခါ မျက်စိအမြင်အာရုံတွင် အဖြူရောင် ဟု ခံစားရခြင်းဖြစ်ပါသည်။

additive color များကို မီးလုံး၊ဗီဒီယို နှင့် monitor များတွင်အသုံးပြုပါသည်။Monitor

တစ်ခုသည် နီ၊စိမ်း၊ပြာ သုံးရောင်ခြယ် ဖော့စဖိတ်အလင်းတောက် အလင်းစက်ကလေးများမှတစ်ဆင့် အရောင်များကို ထုတ်လုပ် ပေးပါသည်။

သန့်စင်သော အဖြူရောင်တွင် Red တန်ဖိုး 255 ,G တန်ဖိုး 255, B တန်ဖိုး 255 တို့ ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။

သန့်စင်သော အမည်းရောင်တွင် RGB တန်ဖိုး အသီးသီးမှာ (၀) တန်ဖိုးများဖြစ်ပါသည်။ တောက်ပသော အနီရောင်တွင် R တန်ဖိုး 246 ,Gတန်ဖိုး 20 နှင့် Bတန်ဖိုး 50 ပါရှိပါသည်။ RGB အရောင်စနစ်သည် Red , Green, Blue အရောင်တို့ ပေါင်းစပ်ပြီး 16.7 သန်းထက်ပါသော အရောင်များကို ဖန်တီးပေးသည်ဟု လေ့လာရပါသည်။

Photoshop တွင် File အသစ်ဖွင့်ပါက RGB Mode သည် DefaultMode ဖြစ်ပါသည်။

## CMYK အရောင်စနစ်

CMYK အရောင်စနစ်တွင် Cyan,Megenta,Yellow တို့ကို ပေါင်းစပ်ပြီး အမည်းရောင်ကို ဖြစ်ပေါ်စေသည်။CMYKအရောင်များ ပေါင်းစပ်လိုက်သည့်အခါ အညိုရောင်ကိုဖြစ်ပေါ်စေသည်။

အမည်းရောင်စစ်စစ်ရရှိစေရန် Black (B) ကိုပေါင်းစပ်ပါသည်။ ထိုမင်အရောင် လေးမျိုးပေါင်းစပ်ခြင်းဖြင့် ရရှိလာသော CMYKအရောင်စနစ်အား Four-color Process printing ဟုခေါ်ဆိုကြပါသည်။

CMYK အရောင်စနစ်ပုံတွင်ပါရှိသော Pixel တိုင်းသည် အထက်ပါအရောင်လေးမျိုးတန်ဖိုးများရှိနေပါသည်။ တောက်ပသောအနီရောင်တွင် Cyan 2% , Magenta 93%, Yellow 90% နှင့် Black 0%တို့ပါဝင်ပါသည်။

CMYK အရောင်စနစ်အား ပုံနှိပ်ရာတွင် အသုံးပြုကြပါသည်။ CMYK အရောင်စနစ်သည် စက္ကူပေါ်တွင် မင်ဖြင့်ပုံနှိပ်လိုက်သောအခါ ပုံနှိပ်မင်၏ အရည်အသွေးကိုအခြေခံသော အရောင်ဖြစ်ပေါ်စေသည့်နည်းဖြစ်သည်။

အဖြူရောင်ကဲ့သို့သော အရောင်မျိုးသည် သုံးရောင်စပ်၍ ရခြင်းမျိုးမဟုတ်ဘဲ မူလစက္ကူသားတွင် အရောင်လုံးဝပုံနှိပ်ခြင်းမပြုဘဲ ချန်ထားသည့် နေရာဖြစ်သည်။ သီအိုရီ သဘောအရတွင်မူ Cyan(c), Megenta (m), Yellow (Y) မင်ရောင်သုံးခုအချိုးကျ ပေါင်းစပ်ပေးလိုက်လျှင် အနက်ရောင် black ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ထိုသို့ဖြစ်ပေါ်လာသည့် colors များကိုsubtractive colors များဟုခေါ်သည်။ သို့သော် ပုံနှိပ်မှင်များတွင် မသန့်စင်ပစ္စည်းများ ရောပါနေသည့်အတွက် အမှန်တကယ်တွင်အနက်ရောင်စစ်စစ် မထွက်ဘဲ အညိုရောင်သာထွက်လာသည်။ ထို့ကြောင့် အနက်ရောင်စစ်စစ် ထွက်ရန်အတွက် Black (k)ဆိုသည့် သီးသန့်မင်နက် တစ်မျိုးထည့်သုံးရပါသည်။

## "Adobe Photo shop CS3 Programs ကို စတင်ဖွင့်လှစ်ခြင်း"

(၁) Desktop ပေါ်ရှိ Photoshop Icon ကို ကလစ် နှစ်ချက်နှိပ်၍ ဖွင့်ပါ။ ထိုသို့ဖွင့်နေစဉ်(windowစနစ်တွင်) Ctrl + Alt+ Shift key ခလုတ်နှင့် ( Mac os) တွင် Command - Option - Shift ခလုတ်ကို နှိပ်ခြင်းဖြင့် လိုအပ်သည့် Settings များကိုသတ်မှတ်ပါ။

(၂) Desktop တွင် Photoshop Icon မရှိပါက Start > All Programs > adobe-Photoshop ဖြင့်ဖွင့်ပါ။

(၃) Dialog Box ပေါ်လာလျှင် ၄င်းမှ Adobe Photoshop Settings File ကို မလိုအပ်ပါက Y (Yes) key ကို နှိပ်ခြင်းဖြင့် ဖျက်လိုက်ပါ ။ ထို့အတူ Welcome Screen ကိုပိတ်လိုက်ပါ။

ပုံ ( ၁ )

<u>Desktop ပေါ်ရှိ Photoshop Icon</u>



ပုံ ( ၂ )



ပုံ ( ၂ )

Photo shop CS3 Work area



"Menu bar မှ
File,Edit,Image,Layer,select,Filter တို့ကို လေ့လာရအောင်"


ပုံ ( ၄ )




## File Menu

Menu bar မှာရှိတဲ့ File ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

ပုံ ( ၅ )



(၁) New

File အသစ်ဖွင့်ရာတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + N ကိုလည်း အသုံးပြုနိုင်ပါသည်။

(၂) Open

File အဟောင်းကို ဖွင့်ရာတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + O ကိုလည်း အသုံးပြုနိုင်ပါသည်။

(၃) Open as

ဖွင့်လိုက်သော File ကို မူရင်းမပျက် Copy လုပ်၍ ဖွင့်ခြင်းဖြစ်ပါသည်။

Keyboard မှ Ctrl + Alt+O ကိုလည်း အသုံးပြုနိုင်ပါသည်။

(၄) Open Recent

နောက်ဆုံးဖွင့်လှစ်လုပ်ဆောင်ခဲ့သော File များအား အသင့်ဖွင့်နိုင်အောင် ဖော်ပြပေးထားခြင်း ဖြစ် ပါသည်။

(၅) Close

ဖွင့်ထားသော File တစ်ခုအား ပိတ်ရာတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + w ကိုလည်း အသုံးပြုနိုင်ပါသည်။

(၆) Close All

ဖွင့်ထားသော File အားလုံးအား ပိတ်ရာတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl+Shift+ W ကိုလည်း အသုံးပြုနိုင်ပါသည်။

(၇) Save

File အား အမည်သစ်တစ်ခုဖြင့် သိမ်းခြင်းဖြစ်ပါသည်။

Keyboard မှ Ctrl+ S ကိုလည်း အသုံးပြုနိုင်ပါသည်။

(၈) Save as

File အား အမည်သစ်တစ်ခုဖြင့်သိမ်းခြင်းဖြစ်ပါသည်။

Keyboard မှ Ctrl +Shift + S ကိုလည်းအသုံးပြုနိုင်ပါသည်။

(၉) Import

မိမိကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြုနေသော Scanner ဖြင့် Image များကို ဖတ်ယူရာတွင် အသုံးပြုပါသည်။

(၁၀) Page Setup..

Print ထုတ်ရာတွင် Page Setup ပြုလုပ်ခြင်းဖြစ်ပါသည်။

Keyboard မှ Shift+Ctrl+P ကိုလည်းအသုံးပြုနိုင်ပါသည်။

(၁၁) Print with Preview

Print ထုတ်ရာတွင် မြင်ရမည့် ပုံစံအား ကြည့်ရှုရာတွင် အသုံးပြုပါသည်။

(၁၂) Print

ပုံနှိပ်ခြင်းကို အသုံးပြုပါသည်။

Keyboard မှ Ctrl +p ကိုလည်း အသုံးပြုနိုင်သည်။

(၁၃) Print One Copy

Print Setup ပြုပြင်ရန်မလိုဘဲ အမြန်ထုတ်ယူရာတွင် အသုံးပြုပါသည်။

Keyboard မှ Alt +Shift+Ctrl+P ကိုလည်း အသုံးပြုနိုင်ပါသည်။

(၁၄) Exit

မလိုအပ်လျှင် ထွက်ခွာနိုင်သည်။

Keyboard မှ Ctrl + Q ကိုလည်း အသုံးပြုနိုင်ပါသည်။

## Edit Menu

Menu bar မှာရှိတဲ့ Edit ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

ပုံ ( ၆ )



(၁) Undo

နောက်ဆုံးလုပ်ဆောင်ချက်အားမကြိုက်လျှင် (သို့)မလိုအပ်လျှင် ပြန်ဖျက်ခြင်း၊ပြန်နောက်ဆုတ်ခြင်းတွင် တစ်ကြိမ်သာ အသုံးပြုနိုင်ပါသည်။

Keyboard မှ Ctrl+Z ကိုလည်း အသုံးပြုနိုင်ပါသည်။

(၂) Step Forward

Undo နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။

Keyboard မှ Shift + Ctrl+ Zကို လည်း အသုံးပြုနိုင်ပါသည်။

(၃) Step Backward

Undo နှင့် တူညီသည်။သို့သော် အကြိမ်အရေအတွက် ပိုပြီး ပြုလုပ်နိုင်ပါသည်။

Keyboard မှ Alt+Ctrl+Z ကိုလည်း အသုံးပြုနိုင်ပါသည်။

(၄) Cut

မူရင်းမကျန်ဘဲ ဖြတ်ထုတ်ယူခြင်းများတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl +Xကိုလည်း အသုံးပြုနိုင်ပါသည်။

(၅) Copy

ပုံတူကူးယူခြင်းများတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + Cကို လည်း အသုံးပြုနိုင်ပါသည်။

(၆) Paste

ဖြတ်ထုတ်ယူလာသော ပုံတူကူးယူလာသည်များကို ပြန်ဖော်ပေးပါသည်။

Keyboard မှ Ctrl+ V ကိုလည်းအသုံးပြုနိုင်ပါသည်။

(၇) Check Spelling

သတ်ပုံများကို စစ်ဆေးရာတွင် အသုံးပြုပါသည်။

(၈) Fill

Colour နှင့် Pattern များဖြည့်သွင်းရာတွင် အသုံးပြုပါသည်။

Keyboard မှ Shift + F5 ကိုလည်း အသုံးပြုနိုင်ပါသည်။

(၉) Stroke

အနားသတ်ဘောင်လိုင်းကွပ်ခြင်းတွင်အသုံးပြုပါသည်။

(၁၀) Free Transform

Keyboard မှ Ctrl +T ကို အသုံးပြုပြီး

(a) Scale. . . . အရွယ်အစားပြောင်းခြင်း

(b) Rotate. . . . လှည့်ခြင်း

(c) Skew. . . အနားနှစ်ဖက်အားတိမ်းစောင်းခြင်း

(d) Distort. . . အနားလေးဖက်စလုံးကို လိုသလိုတိမ်းစောင်းခြင်း
(e)Perspective. . . အနီး၊အဝေးပြောင်းခြင်း
(f) Rotate 180˚. . . ၁၈၀˚ လှည့်ခြင်း
(g) Rotate 90˚ cw . . . နာရီလက်တံကဲ့သို့လှည့်ခြင်း
(h) Clipboard . . . လုပ်ဆောင်ခဲ့သမျှ History အားလုံးပြန်ဖျက်ခြင်း

(၁၂) Keyboard Shortcuts

Shortcuts Key များကို မိမိစိတ်ကြိုက် လိုအပ်သလို ပြင်ဆင်ရာတွင် အသုံးပြုပါသည်။ Keyboard မှ Alt + Shift + Ctrl + K ကိုလည်း အသုံးပြုနိုင်ပါသည်။

(၁၃) Preferences

Photoshop Program အတွက် လိုအပ်သည့် Option များကို ပြင်ဆင်ရာတွင် အသုံးပြုပါသည်။


## Image Menu

Menu bar မှာရှိတဲ့ Image ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

ပုံ ( ၃ )



ပုံ ( ၈ )



(၁) Mode

(a) Bitmap

Bitmap အရောင်စနစ်နှင့် Resolution ပြောင်းလဲခြင်း

(b) Grayscale

မီးခိုးရောင်၊ အဖြူ၊ အမဲစနစ်သို့ပြောင်းလဲခြင်း

(c) RGB Colour

အနီရောင်၊ အစိမ်းရောင်၊ အပြာရောင် (၃) မျိုးစပ် အရောင်စနစ်ပြောင်းလဲခြင်း

(d) CMYK Colour

cyan (c) ၊ magenta (m) ၊ yellow (y)၊ ပေါင်းစပ်ခြင်း black (k) (၄) မျိုးစပ် အရောင်စနစ် ပြောင်းလဲခြင်း။

(၂) Adjustments

(a) Levels

အရောင်ပါဝင်မှု အနည်း/ အများ keyboard မှ Ctrl +L

(b) Auto Levels

အလင်းအမှောင် ကို Auto ချိန်ညှိပေးသည်။ keyboard မှ Shif+Ctrl+L

(c) Auto Contrast

အရောင်တောက်ပမှုပြင်ဆင်ခြင်း၊ keyboard မှ Alt + Shift + Ctrl + L

(d) Auto Colour

အရောင်များကို Auto ချိန်ညှိပေးသည်

(e) Curves

အရောင်များကို curves command များဖြင့် ပြင်ဆင်ခြင်း
Keyboard မှ Ctrl+M

(f) Colour Balance

RGB နှင့် CMYK colour များကို လိုသလို ချိန်ညှိခြင်း
Keyboard မှ Ctrl + B

(g) Brightness/Contrast

အလင်းအမှောင်နှင့်အရောင်တောက်ပမှုများအားပြင်ဆင်ခြင်း

(h) Hue / Saturation

ရောင်စဉ် (၇)ရောင်ရွေးချယ်မှု၊ Hue အရောင်ကျရောက်မှု Saturation နှင့် အလင်းအမှောင် Lightingတို့ကိုပြင်ဆင်ခြင်း Keyboard မှ Ctrl + U

(i) Desaturate

Gray အရောင်များအဖြစ် ပြောင်းလဲခြင်း၊ Keyboard မှ Shift + Ctrl + U

(j) Match Colour

အရောင်များအားပေါင်းစပ်ခြင်း

(k) Replace Colour

အရောင်များအစားထိုးခြင်း

(l) Selective Colour

CMYK Colour တစ်ခုချင်းစီ၏ ပါဝင်သော Colour များကို အသေးစိတ် ထပ်မံခွဲခြား၍ပြင်ဆင်ခြင်း။

(m) Gradient Map

ရွေးချယ်ထားသော ပုံဒီဇိုင်းရှိ Colour အားလုံးကို Gradient (အရောင်ပြေး) အဖြစ်ပြောင်းလဲခြင်း။

(n) Photo Filter

အသုံးပြုလိုသော အထူးပြုလုပ်ချက် (Filter) ရွေးချယ်ပေးခြင်း။

(o) Shadows / Hioghlight

ပုံများတွင် မှောင်ရိပ်ကျရောက်မှု ၊ အလင်းနည်းမှုများအားပြင်ဆင်ခြင်း။

(p) Invert

Nagative ပုံမျိုးဖြစ်အောင် ပြောင်းလဲခြင်း။ Keyboard မှ Ctrl + I

(q) Qualize

အလင်းအမှောင် အရောင်တောက်ပမှုများကို အလိုအလျောက်ပြင်ဆင်ပေးခြင်း

(r) Treshold

အရောင်အားလုံးကို အဖြူ / အမဲ နှစ်ရောင်အဖြစ်ပြောင်းလဲခြင်း

(s) Variations

အရောင်ပြင်ဆင်မှု နမူနာပုံစံများကိုကြည့်ခြင်း

(3) Duplicate

Image တစ်ခုလုံးအား Copy ပွားယူ၍ အသုံးပြုခြင်း

(4) Image Size

Image File တစ်ခုလုံး၏အရွယ်အစားကို ပြင်ဆင်ခြင်း


(5) Canvas Size

Image File ၏ Background အရွယ်အစားကိုသာပြင်ဆင်ခြင်း

## Layer Menu

Menu bar မှာရှိတဲ့ Layer ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

ပုံ ( ၈ )



(၁) New

(a) Layer

Layer အသစ်ဖန်တီးရာတွင် အသုံးပြုပါသည်။ Keyboard မှShift + Ctrl + N ကိုလည်းအသုံးပြုနိုင်ပါသည်။

(b) Layer From Background

အသစ်ဖန်တီးထားသော Layer အား Background အဖြစ်အသုံးပြုခြင်း။

(c) Layer Set

Layer များကို အုပ်စုဖွဲ့ရာ၌ အသုံးပြုပါသည်။

(d) Layer Via Copy

Layer ကို ထပ်မံ Copy ကူးရာတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + J ကိုလည်း အသုံးပြုနိုင်ပါသည်။

(e) Layer Via Cut

Layer ကို Cut ကူးရာတွင် အသုံးပြုပါသည်။

Keyboard မှ Shift +Ctrl + J ကိုလည်း အသုံးပြုနိုင်ပါသည်။

(၂) Duplicate Layer

Layer ကို ပုံတူပွားခြင်းတွင် အသုံးပြုပါသည်။

(၃) Delete

Layer ကို မလိုအပ်တော့သည့်အခါ ဖျက်နိုင်သည်။

(၄) Layer Style

(a) Blending Options

Layer Object များအား လိုအပ်သလို ပြင်ဆင်နိုင်သည်။

(b) Drop Shadow

နောက်ခံ အရိပ်ထည့်ရာတွင် အသုံးပြုသည်။

(c) Inner Shadow

အတွင်း အရိပ်ထည့်ရာတွင် အသုံးပြုသည်။

(d) Outer Glow

အပြင်သို့ အရောင်ဖြာခြင်းတွင် အသုံးပြုသည်။

(e) Inner Glow

အတွင်းသို့ အရောင်ထည့်ခြင်းတွင် အသုံးပြုပါသည်။

(f) Bevel and Emboss

ဖောင်းကြွအလင်းအမှောင်ပြုလုပ်နိုင်သည်။

(g) Satin

Layer Object နဲ့ ပုံစံတူ ပုံရိပ်ထည့်ခြင်းတွင် အသုံးပြုပါသည်။

(h) Colour Overlay

အရောင်တစ်ခုကို ရွေးချယ်ဖြည့်ခြင်းတွင် အသုံးပြုပါသည်။

(i) Gradient Overlay

အရောင်ပြေးပုံများ ဖြည့်ရာတွင် အသုံးပြုပါသည်။

(j) Pattern Overlay

ရောင်စုံအကွက်များ ဖြည့်ရာတွင် အသုံးပြုပါသည်။

(k) Stroke

အနားသတ်လိုင်းဆွဲခြင်းတွင် အသုံးပြုပါသည်။

(၅) New Fill Layer

Layer အသစ်တွင် အရောင်တစ်ပါတည်းဖြည့်လိုလျှင်

(a) Solid Colour . . . စိတ်ကြိုက်အရောင် တစ်ခုဖြည့်ခြင်း

(b) Pattern . . . ရောင်စုံအကွက်များဖြည့်ခြင်း

(၆) Type

(a) Create Work Path

ရိုက်ထားသော စာသားပတ်လည်တွင် Path လမ်းကြောင်းပြုလုပ်ခြင်း

(b) Convert to Shape

ရိုက်ထားသော စာသားပတ်လည်တွင် Shape ပုံစံပြင်ဆင်ခြင်း

(c) Horizontal

ရိုက်ထားသော စာသားကို အလျားလိုက်ပြောင်းခြင်း

(d) Warp Text

ရိုက်ထားသော စာသားပတ်လည်တွင် Shape ပုံစံပြင်ဆင်ခြင်း

(၇) Arrange

Layer များအား အထက်/ အောက်ပြောင်းလဲခြင်းတွင် အသုံးပြုပါသည်။

(၈) Align Linked

Layer Object အား ညှိယူရာတွင် အသုံးပြုပါသည်။

(၉) Lock All Linked Layers

Link လုပ်၍ ချိတ်ဆက်ထားသော Layer များအား မရွေ့မပြောင်းနိုင်အောင် ပြုလုပ်ခြင်းတွင် အသုံးပြုပါသည်။

(၁၀) Merge Linked

Link လုပ်ထားသော Layer များအား Layer တစ်ခုတည်းအဖြစ်ပေါင်းစည်းခြင်း

(၁၁) Merge Visible

Background Layer မှ အပ ကျန် Layer များအားလုံးကို Layer တစ်ခုတည်း အဖြစ် ပေါင်းစည်းခြင်း

Keyboard မှ Shift + Ctrl + E ကိုလည်း အသုံးပြုနိုင်ပါသည်။


(၁၂) Flatten Image

ရှိရှိ သမျှ Layer အားလုံးကို Background Layer အဖြစ် ပေါင်းစည်းခြင်း။

## Select Menu

Menu bar မှာရှိတဲ့ Select Menu ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

ပုံ ( ၉ )



(၁) All

Layer တစ်ခုအတွင်းရှိ Object အားလုံးကို ရွေးချယ်ရာတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + A ကိုလည်း အသုံးပြုနိုင်ပါသည်။

(၂) Deselect

Selection အား မလိုအပ်တော့သည့်အခါ ပြန်ဖြုတ်ခြင်းတွင် အသုံးပြုပါသည်။
Keyboard မှ Ctrl + D ကိုလည်း အသုံးပြုနိုင်ပါသည်။

(၃) Reselect

ဖြုတ်ထားသော Selection အား ပြန်ဖော်ရာတွင် အသုံးပြုပါသည်။
Keyboard မှ Shift + Ctrl + D ကိုလည်း အသုံးပြုနိုင်ပါသည်။

(၄) Inverse

ရွေးထားသော Selected ဧရိယာ၏ ဆန့်ကျင်ဖက် ဧရိယာအား Selected လုပ်ခြင်း
Keyboard မှ Shift + Ctrl + I ကိုလည်း အသုံးပြုနိုင်ပါသည်။

(၅) Colour Range

နှစ်သက်ရာ အရောင်တစ်ခုကို မှတည်၍ ၄င်းအရောင်နှင့် အနီးစပ်ဆုံးတူညီသည့်အရောင်များအား Selected လုပ်ခြင်းတွင် အသုံးပြုပါသည်။

(၆) Feather

Selection ဧရိယာ၏ အနားသတ်များ မှုန်ဝါးအောင်ပြုလုပ်ခြင်းတွင် အသုံးပြုပါသည်။
Keyboard မှ Alt + Ctrl + D ကိုလည်း အသုံးပြုနိုင်ပါသည်။

(၇) Modify

(a) Border

Selection ၏ အနားသတ်လိုင်းကို Border ပြုလုပ်ခြင်း

(b) Smooth

Selection အပြေအပြစ်ပြုလုပ်ခြင်း

(c) Expand

Selection ကို လိုအပ်သလိုချဲ့ထွင်ခြင်း

(d) Contract

Selection ကို လိုသလို ကျုံ့ခြင်း

(၈) Transfrom Selection

Select လုပ်ထားသော Object များအား အရွယ်အစား၊ အနေအထား ပြောင်းလဲခြင်းများတွင်အသုံးပြုပါသည်။

(၉) Load Selection


သိမ်းထားသော Selection ပုံစံများအား ပြန်ဖော်ခြင်းနှင့် လိုအပ်လျှင်ပြန်လည် အသုံးပြုနိုင်ရန်သိမ်းဆည်းထားခြင်းများတွင် အသုံးပြုပါသည်။

(၁၀) Save Selection

စိတ်ကြိုက်ပုံစံရွေးချယ်ထားသော Selection များအား လိုအပ်လျှင် ပြန်လည် အသုံးပြုနိုင်ရန်သိမ်းဆည်းထားခြင်းများတွင် အသုံးပြုပါသည်။

## Filter Menu

ပုံ ( ၃ )




Menu bar မှာရှိတဲ့ Filter ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

(၁) Maximum

နောက်ဆုံးပြင်ဆင်လုပ်ဆောင်ခဲ့သော Filter အား ပြန်လည်အသုံးပြုခြင်း
Keyboard မှ Ctrl + F ကိုလည်း အသုံးပြုနိုင်ပါသည်။

(၂) Liquify

Image အစိတ်အပိုင်းများကို ဆန့်ခြင်း၊ တွန့်ခြင်း၊ကွေးခြင်း၊ကျုံ့ခြင်း၊ဖွခြင်း များပြုလုပ်ရာတွင် သုံးပြုနိုင်ပါသည်။

(၃) Pattern Maker

Image တစ်ခုအတွင်းမှ လိုချင်သောအပိုင်းကိုသာ Select လုပ်၍ Generate လုပ်ပါက ၎င်း Object ကို Image တစ်ခုလုံးပြည့်အောင် Pattern ကွက်ဖြည့်ပေးမည်ဖြစ်ပါသည်။

(၄) Artistic

၎င်း Command များသည် Image များအား ပန်းချီဆွဲထားသကဲ့သို့ဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။

(၅) Blur

မှုန်ဝါးဝါး ပုံစံများဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။

(၆) Brush Strokes

Image Brush ပုံစံများဖြင့် ရေးဆွဲထားသကဲ့သို့ ပြောင်းလဲပေးနိုင်သည်။

(၇) Distort

Imageအား မှန်ကွက်ပုံစံများ၊ အခွက်ပုံစံများ၊ အကွေးအတွန့် ပုံစံများအဖြစ် ပြောင်းလဲပေးနိုင်သည်။

(၈) Noise

အမျိုးမျိုးသော ရောင်စုံအစက်အပျောက်လေးများဖြစ်အောင် ပြုလုပ်ပေးနိုင်သည်။

(၉) Render

မိုးကောင်ကင်ပုံစံများ၊ နေအလင်းရောင်နှင့် Light အမျိုးမျိုးထိုးထားသည့် ပုံစံများဖြစ်အောင်ပြုလုပ်နိုင်သည်။

(၁၀) Sharpan

Image ၏ အနားသတ် Shape ပုံစံ အမျိုးမျိုး ပြောင်းလဲရာတွင် အသုံးပြုနိုင်သည်။

## View Menu

Menu bar မှာရှိတဲ့ View ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ ။ ဆက်လက်ရွေးချယ်ပြီး ကလစ်တစ်ချက်ထပ်နှိပ်ကာ ဖွင့်လှစ်ပြီး အသုံးပြုနိုင်ပါသည်။

(၁) Proof Setup

လက်ရှိအသုံးပြုနေသော Colour စနစ်မှ ပုံနှိပ်သည့်အခါ အရောင်ခွဲတဲ့ စနစ်သို့ ယာယီပြောင်းလဲပေးခြင်း

(၂) Zoom In

မြင်ကွင်း ချဲ့ခြင်း Keyboard မှ Ctrl + (+) ကိုလည်း အသုံးပြုနိုင်ပါသည်။

ပုံ ( ၈ )




(၃) Zoom Out

မြင်ကွင်း ချုံ့ခြင်း Keyboard မှ Ctrl + (-) ကိုလည်း အသုံးပြုနိုင်ပါသည်။

(၄) Fit on Screen

Screen နှင့် အံကိုက်ကြည့်ခြင်း Keyboard မှ Ctrl +O ကိုလည်း အသုံးပြုနိုင်သည်။

(၅) Actual Pixels

ပုံနှိပ်သည့်အခါ မြင်ရမည့်မြင်ကွင်းကိုကြည့်ခြင်း

Keyboard မှ Alt + Ctrl + O ကိုလည်း အသုံးပြုနိုင်ပါသည်။

(၆) Print Size

Print ထုတ်မည့် မြင်ကွင်း အရွယ်အစားကို ကြည့်ရာတွင် အသုံးပြုပါသည်။

(၇) Screen Mode

Screen ပုံစံအမျိုးမျိုးပြောင်းလဲခြင်းများတွင် အသုံးပြုပါသည်။

(၈) Show

မြင်ကွင်း၌ ဖော်ပြလိုသော လိုင်းများ၊ အကွက်များကိုကြည့်ခြင်း

(a) Grid

(b) Guides

(၉) Ruler

ပေတံတပ်ခြင်း၊ ပေတံဖြုတ်ခြင်းတွင် အသုံးပြုပါသည်။

Keyboard မှ Ctrl + R ကိုလည်းအသုံးပြုနိုင်ပါသည်။

(၁၀) Snap . . . . ဖိကပ်ခြင်း

(၁၁) Snap To

မည်သည့်အရာနှင့် ကပ်လိုသည်ကိုရွေးချယ်ရာတွင် အသုံးပြုပါသည်။

(၁၂) Lock Guides

Guides များကို မရွေ့နိုင်အောင်ပြုလုပ်ခြင်း

(၁၃) Clear Guides


Guides များကို ဖယ်ရှားခြင်း

(၁၄) New Guides

တိကျသော Guides အသစ်များကို ထည့်ခြင်း

## Tool Box ထဲက Tools များအကြောင်း

ပုံ ( ၉ )



## Move Tool

Move tool သည် ရွေးချယ်ထားသည့်အရာများ၊ ပုံရိပ်များ၊အလွှာများ နှင့် (guide s) လမ်းညွှန်များ စသည်တို့ကို ရွှေ့လျားစေသည်။

## Marquee tools

Marquee tool သည် စတုရန်း၊ ထောင့်မှန်စတုဂံ၊ စက်ဝိုင်း၊ အလျားလိုက်နှင့် ထောင်လိုက်လိုင်းများအဖြစ် ရွေးချယ်ခြင်းများကို ပြုလုပ်ပေးပါသည်။

## Lasso Tools

Lasso Tool သည် စမှတ်မှ ဆုံးမှတ်အထိ mouseဖြင့် နေရာပေးခြင်းဖြင့်လိုအပ်သည့် နေရာကို ရွေးချယ်ပေးပါသည်။

## Magic Wand Tools

Magic Wand Tools သည် အရောင်ဆင်တူသော နေရာ ဧရိယာတို့ကို ရွေးချယ်ရာတွင် အသုံးပြုပါသည်။

## Crop Tool

Crop Tool သည် ပုံရိပ်များကို လိုအပ်သည့် အပိုင်းများကို ဖြတ်ယူနိုင်သည်။ ပုံရိပ်အသစ်ပြုလုပ်ရာတွင် အသုံးပြုသည်။

## Slice Tool

Slice Tool သည် ပုံရိပ်ထဲမှ လိုအပ်သည့် အပိုင်းကို ရွေးထုတ်ရာတွင် အသုံးပြုပါသည်။

## Slice Select Tool

Slice Select Tool သည် ပုံရိပ်ထဲမှ လိုအပ်သည့် Sliceကို ရွေးထုတ်သည့်နေရာတွင် အသုံးပြုပါသည်။

## Healing Brush Tool

Healing Brush Tool သည် ပုံရိပ်မှ အစက်အပြောက်များ၊ ချို့ယွင်းမှုများကို ပြုပြင်ခြယ်သ ပေးပါသည်။


## Spot Healing Brush Too

Spot Healing Brush Tool သည် ပုံရိပ်မှ အစွန်းအထင်းများ ၊ ချို့ယွင်းချက်များကို အလျင်အမြန်ဖယ်ထုတ်ပေးပါသည်။ ၎င်းသည် Healing Brush အုပ်စုတွင်ပါဝင်ပါသည်။




## Red Eye Tool

Red Eye Tool သည် ဓါတ်ပုံများမှ အနီရောင် မျက်လုံးများကို ဖယ်ထုတ်ပြုပြင်ပေးသည်။ ၄င်းသည် Healing Brush အုပ်စုတွင် ပါသင်သည်။




## Patch Tool

Patch Tool သည်ပုံရိပ်တစ်ပုံပေါ်ရှိ ရွေးချယ်ပြီးသော ချို့ယွင်းချက်များကို ပုံစံတူနေရာအတိုင်းပြင်ဆင်ပေးသည်။ ၄င်းသည် Healing Brush အုပ်စုတွင် ပါဝင်သည်။



## Color Replacement Tool

Color Replacement Tool သည် အရောင်တစ်ခုခုကို အခြားအရောင်ဖြင့် အစားထိုး ပြောင်းလဲပေးသည်။ ၄င်းသည် Brush Tool အုပ်စုတွင် ပါဝင်ပါသည်။




## Brush Tool

Brush Tool သည်စုတ်ချက်များအတိုင်း ခြယ်သပေးပါသည်။




## Pencil Tool

Pencil Tool သည် ကြမ်းတမ်းသော အနားစွန်းများဖြင့် ခြယ်သပေးပါသည်။



## Clone Stamp tool

Clone Stamp tool သည် ပုံရိပ်တစ်ခု၏ ပုံစံအတိုင်းဖန်တီးပေးပါသည်။



## Pattern Stamp Tool

Pattern Stamp Tool သည် ပုံရိပ်တစ်ခု၏ တစ်စိတ်တစ်ဒေသကို Patternအဖြစ် သတ်မှတ်၍ ခြယ်သပေးပါသည်။



## History Brush Tool

History Brush Tool သည် History Palette တွင် Source အခြေအနေအတိုင်း ပြန်လည် ခြယ်သပေးပါသည်။



## Art History Tool

Art History Brush Tool သည် ရွေးချယ်ထားသော ပုံရိပ် သို့မဟုတ် အစိတ်အပိုင်းတစ်ခုကို စုတ်ချက်ဖွာဖွာဖြစ်အောင် ပြောင်းပေးပါသည်။



## Eraser Tool

Eraser Tool သည် ပုံရိပ်များ၏ Pixels များကို ဖျက်ရာတွင် အသုံးပြုပါသည်။




## Magic Eraser Tool

Magic Eraser Tool သည် အရောင် တူညီသော ပုံရိပ်များကို ဖျက်၍ Transparent ဖြစ်စေသည်။ Erasertool အုပ်စုတွင် ပါဝင်ပါသည်။




## Brackground Eraser Tool

Brackground Eraser Tool သည် နောက်ခံတွင် Transparent ဖြစ်အောင် ဖျက်ပေးသည်။၄င်းသည် Eraser Tool အုပ်စုတွင်ပါဝင်ပါသည်။



## Gradient Tool

Gradient Tool သည် နောက်ခံရောင်များ ဖန်တီးရာတွင် အသုံးပြုပါသည်။




## Paint Bucket Tool

Paint Bucket Tool သည် ရွေးချယ်ထားသည့် ဧရိယာတွင် အရောင်တူဖြည့်ပေးသည်။ ၄င်းသည် Gradient Tool အုပ်စုတွင် ပါဝင်သည်။



## Blur Tool

Blur Tool သည် ပြတ်သားသော အနားများကို မှုန်ဝါးစေပါသည်။



## Sharpen Tool

Sharpen Tool သည် ပုံရိပ်တစ်ခု၏ ပျော့ပျောင်းသော အနားစောင်းများကို ပြတ်သားစေသည်။ Blur Tool အုပ်စုတွင် ပါဝင်ပါသည်။




## Smudge Tool

Smudge Tool သည် ပုံရိပ်အတွင်း ရွေးချယ်သည့်နေရာမှ Pixel များကိုရွေ့စေသည်။ ၄င်းသည် Blur Tool အုပ်စုတွင် ပါဝင်ပါသည်။



## Dodge Tool

Dodge Tool သည် ပုံရိပ်အတွင်း အလင်းရောင်တတ်လာစေသည်။




## Burn Tool

Burn Tool သည် ပုံရိပ်များတွင် ရွေးချယ်ထားသော နေရာများကို မှောင်စေသည်။ Dodge Tool အုပ်စုတွင် ပါဝင်ပါသည်။




## Sponge rool

Sponge Tool သည် ဧရိယာတစ်ခုအတွင်း အရောင်များကို တိုးလျှော့ချိန်ညှိခြင်းတွင် ဆောင်ရွက် ပေးပါသည်။



## Path Selection Tool

Path Selection Tool သည် anchor points, direction, lines နှင့် points များကို ပြပေးခြင်းတွင် ပုံစံပေါ်အောင် ပြုလုပ်ပေးပါသည်။



## Horizontal Type Tool

Horizontal Type Tool သည် ပုံရိပ်များပေါ်တွင် စာလုံးများကို ဖန်တီးပေးပါသည်။



## Type Mask Tool

Type Mask Tool သည် စာလုံး၏ ပုံသဏ္ဍာန်အတိုင်း ရွေးချယ်မှု ဧရိယာကို ဖန်တီးပေးပါသည်။




## Pen tools

Pen Tools သည် အနုစိတ်သော လမ်းကြောင်းများကို ရေးဆွဲရာတွင် အသုံးပြုပါသည်။



## Custom Shape Tool

Custom Shape took သည် Custom Shape List မှ ရွေးချယ်ထားသော ပုံစံများကို စိတ်ကြိုက်ပြုလုပ်ပေးပါသည်။



## Audio Annotations Tool

Annotations Tool သည် ပုံရိပ်တစ်ခု နှင့်တွဲချိတ်ရန်အသံနှင့်နုတ်များကို ပြုလုပ်ပေးပါသည်။



## Eyedropper Tool

Eyedropper Tool သည် ပုံရိပ်တစ်ခုအတွင်း မှ အရောင်များကို နမူနာယူနိုင်သည်။



## Ruler Tool

Ruler Tool သည် ပုံတစ်ခုအတွင်း အကွာအဝေး တည်နေရာနှင့် ထောင့်များကို တိုင်းထွာပေးသည်။



## Color Sampler Tool

Color Sampler Tool သည် ပုံတစ်ခု၏ ဧရိယာ (၄)ခုအထိ အရောင်နမူနာများကို ကောက်ပေးသည်။



## Hand Tool

Hand Tool သည် window အတွင်းရှိ ပုံများကို ရွှေ့ကြည့်နိုင်ပါသည်။



## Zoom Tool

Zoom Tool သည် ပုံရိပ်တစ်ခု၏ မြင်ကွင်းကို ချဲ့၊ ချုံ့ကြည့်နိုင်ပါသည်။

## အခြေခံအစ File open က

အခြေခံအစ File open က ဆိုတဲ့ သင်ခန်းစာလေးကတော့ ကွန်ပျူတာနဲ့ အနည်းငယ်အလုပ်မ်းဝေးပြီး Photoshop နဲ့ မရင်းနှီးသူတွေအတွက် ရည်ရွယ်ပြီး အလွယ်ကူဆုံးပုံစံလေးတွေနဲ့ ရိုးရှင်းစွာ တင်ပြပေးထားပါတယ်။

အခြေခံအနေနဲ့ကတော့ ကွန်ပျူတာထဲမှာရှိနေတဲ့ Image File တွေကို ရှာဖွေပြီး Photoshop work area ထဲကို ဖွင့်ချနိုင်ဖို့ပါ။ ဒီလိုရှာဖွေပြီးဖွင့်ချနိုင်ဖို့အတွက်

(၁) Drive

(၂) Folder

(၃) File လို့ခေါ်တဲ့ အကြောင်းအရာ (၃)ခုကို ရှင်းလင်းစွာ နားလည်ထားဖို့လိုပါတယ်။

## hard drive

ကွန်ပျူတာထဲတွင် သိမ်းဆည်းထားသမျှ အရာအားလုံးတို့သည် File များအဖြစ်ရှိနေပြီး ၄င်းFile များ အားလုံးသည် ကွန်ပျူတာရဲ့ hard drive ထဲတွင် အစီအစဉ်တစ်ခုဖြင့် တည်ရှိနေပါသည်။

## Folder


အဝါရောင် သင်္ကေတလေးနှင့် တည်ရှိနေပြီး ရုပ်ရှင်တွေဆိုရင် Movies File ပုံတွေဆိုရင် Image File စာတွေဆိုရင် Text File စတဲ့ ခေါင်းစဉ်လေးတွေပေးပြီး သိမ်းထားလို့ရပါတယ်။

## File

ကွန်ပျူတာရဲ့ hard drive ထဲမှာ Folder တွေထဲမှာ ရှိနေတဲ့ သိမ်းဆည်းထားတဲ့ အရာမှန်သမျှကို File လို့ခေါ်ပါတယ် ။ အရှင်းလင်းဆုံး ဥပမာလေးနဲ့နှိုင်းယှဉ်ပြရရင် ကျွန်တော်တို့ ရုံးတွေ၊ ကုမ္ပဏီတွေ မှာသုံးတဲ့ အံဆွဲအထပ်ထပ်ပါတဲ့ မတ်ရပ် ဘီရိုတစ်လုံးကို မြေးမြင်ကြည့်ရအောင်။

ဘီရိုအံဆွဲလေးတွေကို Floder လို့သတ်မှတ်မယ်။အဲဒီအံဆွဲလေးတွေထဲမှာ သိမ်းဆည်းထားသမျှကို File တွေလို့ သတ်မှတ်လိုက်ကြရအောင်။ ပုံ ( ၁၀ ) ကိုကြည့်ပါ။

ပုံ ( ၁၀ )





အံဆွဲတွေနဲ့ဆင်တူတဲ့ Folderထဲက Files တွေကို Photoshop workarea ထဲကို ဖွင့်ချဖို့အတွက် drive ကို ဖွင့်မယ် Floderကိုဖွင့်မယ်၊ ပြီးရင် ကိုယ်လိုချင်တဲ့ File ကို ရွေးချယ်ပြီး ဖွင့်ရပါမယ်။

ဒီလိုဖွင့်ဖို့အတွက် အဆင့်တစ်ခုတိုင်းမှာ ကလစ်တစ်ချက် (သို့) နှစ်ချက်နှိပ်ရပါမယ်။ ကျွန်တော်တို့ စလုပ်ကြည့်ရအောင်။

Photoshoip workarea ထဲက Menu bar မှ File ကို ကလစ်တစ်ချက်နှိပ်ပါ။ openကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။


ပုံ ( ၁၁ )

File Open



ပုံ ( ၁၂ )

Open box



open ကိုရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်မယ်ဆိုရင် open box ကလေးကို Photoshopworkarea ထဲမှာ သင်မြင်တွေ့ရပြီပေါ့။

ဟုတ်ပြီ. . . ဒါဆိုရင် ကျွန်တော်တို့လိုချင်တဲ့ Image File တွေက ကွန်ပျူတာထဲက ဘယ်နေရာမှာရှိနေတာလဲ ဆိုတာကို ဆက်စဉ်းစားမယ်။

DATA (D) ထဲမှာလား။

Local Disk (c) ထဲမှာလား။

Drive (E) ထဲမှာလား။


My Document ထဲမှာလား။

Desktop ပေါ်မှာလား စသဖြင့် စဉ်းစားရပါမယ်။ ဒီလိုစဉ်းစားခြင်းဟာ ကျွန်တော်တို့တွေ ဘီရိုတစ်လုံးကိုဖွင့်ပြီး ဘယ်အံဆွဲထဲမှာ ရှိသလဲဆိုတာကို စဉ်းစားခြင်းမျိုးပါဘဲ။

DATA (D:) ထဲမှာ ကျွန်တော်တို့လိုချင်တဲ့ Image File တွေ ရှိတယ်ဆိုပါဆို့ DATA(D:) ကို ဖွင့်ဖို့အတွက် Openbox ထဲက MyComputer ဆိုတဲ့ နေရာလေးမှာ ကလစ်တစ်ချက်နှိပ်ရပါမယ်။

Lock in: မှာလည်း ကိုယ်ရွေးချယ်တဲ့ အကြောင်းအရာကို ရွေးချယ်တဲ့ ခေါင်းစဉ်အတိုင်း မြင်တွေ့နေရမှာပါ။ MyComputer ကို ရွေးချယ်တဲ့အတွက် Look in: မှာလည်း My Computeerဆိုတဲ့ ခေါင်းစဉ်လေးရှိနေပါပြီ။

ပုံ ( ၁၃ )




My computer ကို ရွေးချယ်ပြီးရင် DATA (D:) ကို ကလစ်နှစ်ချက်နှိပ်ပြီး ရွေးချယ်ဖွင့်ရပါမယ်။ Look in: မှာလည်း DATA (D:) ဆိုတဲ့ ခေါင်းစဉ်လေးပြောင်းနေပါပြီ။ DATA (D:) ကိုဖွင့်လိုက်တဲ့အခါမှာ ကျွန်တော်တို့တွေ ဘီရို တစ်လုံးကို ဆွဲဖွင့်လိုက်သလိုမျိုး အံဆွဲတွေနဲ့တူတဲ့ Folders တွေကိုတွေ့မြင်ရမှာပေါ့။

DATA (D:) ထဲမှာ Folders လေးတွေဟာ သူ့ခေါင်းစဉ်နဲ့ သူ ရှိနေပါတယ်။

Image File

Text File

Movies File

Background Design F ile

အဲဒီထဲက အပေါ်ဆုံးမှာ ရှိနေတဲ့ Image File တစ်ခုကိုရွေးချယ်ပြီး ကလစ်နှစ်ချက်နှိပ်ကာဖွင့်လိုက်ပါမယ်။ဒါဆိုရင် Image တွေကို သူ့နာမည်လေးတွေနဲ့ နံပါတ်လေးတွေနဲ့ အတူရှိနေတာကို သင်မြင်တွေ့ရပြီပေါ့။

ဒါပေမယ့် ကျွန်တော်တို့တွေ့နေတဲ့ Image ဟာ ဘယ်လိုပုံလဲဆိုတာကို မမြင်ရဘူးဖြစ်နေပါတယ်။ ဟုတ်ပြီ. . . ဒါဆိုရင် လက်ရှိဖွင့်ထားတဲ့ Image တွေကို မြင်ရဖို့အတွက် View Menu ကိုရွေးချယ်ဖို့လိုအပ်ပါပြီ။

ViewMenu ကဘယ်လိုနေရာမှာရှိသလဲဆိုတော့ အပေါ်ဆုံးက Look in : နဲ့ တစ်တန်းတည်းမှာဘဲ လေးထောင့်ကွက်ကလေးနဲ့ ရှိနေပါတယ်။ ပုံ ( ၁၄ ) ကိုကြည့်ပါ။

အဲဒီ View Menu လေးထောင့်ကွက်ကလေးရဲ့ ဘေးမှာ မျှားခေါင်းပုံကလေးကို တွေ့ရမှာပေါ့။ အဲဒီမျှားခေါင်းကလေးကို ကလစ်တစ်ချက်နှိပ်လိုက်ရင် လက်ရှိဖွင့်ထားတဲ့ Image တွေကို ဘယ်လိုပုံစံနဲ့ ကြည့်မယ် ထားမယ်ဆိုတဲ့ List လေးပေါ်လာပါလိမ့်မယ်။

ပုံ ( ၁၄ )




View Menu

ပုံ ( ၁၅ )




View List


View Menu ထဲက Thumbnails ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါမယ်။ ဒါဆိုရင်လက်ရှိဖွင့်ထားတဲ့ Image တွေအားလုံးကို Trhumbnail ပုံလေးတွေနဲ့အတူ မြင်တွေ့ရပြီပေါ့။

ဒီလိုမြင်တွေ့ရတဲ့အတွက် မိမိအသုံးပြုချင်တဲ့ပုံကိုဘဲ စိတ်ကြိုက်ရွေးချယ်လို့ရတဲ့အတွက် ပိုပြီးအစဉ်ပြေသွားတာပေါ့။

သင်ရွေးချယ်တဲ့ ပုံပေါ်မှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ၊ ပြီးရင် open ကို ကလစ်တစ်ချက် နှိပ်လိုက်မယ်ဆိုရင် open box ကလေးဟာ မြင်ကွင်းက ပျောက်ကွယ်သွားပြီး သင်ရွေးချယ် လိုက်တဲ့ပုံဟာ Photoshop workarea ထဲ ရောက်ရှိလာတာကိုသင်မြင်တွေ့ရပြီပေါ့


ပုံ ( ၁၆ )

Thumbnails ပုံငယ်နှင့်မြင်တွေ့ရပုံ



ပုံ ( ၁၇ )

ရွေးချယ်လိုက်သော Image ကိုမြင်တွေ့ရပုံ




သင်ရွေးချယ်တဲ့ ပုံပေါ်မှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ၊ ပြီးရင် open ကို ကလစ်တစ်ချက် နှိပ်လိုက်မယ်ဆိုရင် open box ကလေးဟာ မြင်ကွင်းက ပျောက်ကွယ်သွားပြီး သင်ရွေးချယ် လိုက်တဲ့ပုံဟာ Photoshop workarea ထဲ ရောက်ရှိလာတာကိုသင်မြင်တွေ့ရပြီပေါ့

မြင်တွေ့နေရတဲ့ Image ဟာ အပြာရောင်ဘောင်လေးနဲ့ ရှိနေပါလိမ့်မယ်။ အဲဒီအပြာရောင်ဘောင်လေးပေါ်မှာ mouse pointer လေးနဲ့ထောက်ပြီး ဖိဆွဲမယ်ဆိုရင်ထားချင်တဲ့နေရာမှာရွှေ့လို့ပြောင်းလို့ ရပြီပေါ့။

Photoshop workarea ထဲက Image တစ်ခုကို အပြာရောင်ဘောင်လေး ဖျောက်ထားချင် တယ်၊ ဒါမှမဟုတ် Photoshop workarea ရဲ့အောက်ခြေမှာ ရှိနေစေခြင်တယ်၊ နောက်ပြီး Image File ကို လုံးဝပိတ်ပစ်ချင်ဆိုရင်တော့ လက်ရှိဖွင့်ထားတဲ့ Image File မှာ ရှိတဲ့ အပြာရောင်ဘောင် လေးရဲ့ ညာဘက်ထောင့်မှာရှိတဲ့ သင်္ကေတ (၃)ခုကို သင်မြင်တွေ့ရမှာပေါ့။

ပုံ (၁၈)




Minimize ကို ကလစ်တစ်ချက်နှိပ်လိုက်ရင် Photoshop workareaရဲ့အောက်ခြေမှာအပြာရောင်ဘောင်အသေးလေးနဲ့ရောက်ရှိသွားပါလိမ့်မယ်။သူ့ကို ပြန်ဖွင့်ချင်ရင် နဂိုအတိုင်းပြန်ရှိနေစေချင်ရင်တော့ Restore up အဖြစ်Minimize နေရာလေးကိုဘဲ ကလစ်တစ်ချက်နှိပ်လိုက်ပါ။ဒါဆိုရင် နဂိုအတိုင်း ပြန်မြင်ရပြီပေါ့။

Maximize ကို ကလစ်တစ်ချက်နှိပ်လိုက်ရင် Image တစ်ခုလုံးရဲ့အပြာရောင်ဘောင်လေးဟာ မြင်ကွင်းကနေ ခေတ္တပျောက်ကွယ် သွားပါလိမ့်မယ်။ ခေတ္တပျောက် ကွယ်သွားတဲ့ အပြာရောင်ဘောင်ကလေးကို ပြန်ခေါ်ချင်တယ်ဆိုရင်တော့အပေါ်ဆုံးက Menu barနဲ့တစ်တန်းတည်း ညာဖက်ထောင့်မှာ Image File ရဲ့ maximize လေးရှိနေပါတယ် ။ Restore dow အဖြစ်အလယ်က maximize လေးကိုဘဲ ကလစ်တစ်ချက်နှိပ်လိုက်မယ် Image File လေးကို အပြာရောင်ဘောင်လေးနဲ့ ပြန်မြင်ရပြီပေါ့။

Close Image File ရဲ့ အပြာရောင်ဘောင်လေးပေါ်က အနီရောင်ကြက်ခြေခတ်ကလေးကို ကလစ်တစ်ချက် နှိပ်လိုက်မယ်ဆိုရင်တော့ Image တစ်ခုဟာ Photoshop-workarea ထဲကနေ လုံးဝပျောက်ကွယ်သွားပါလိမ့်မယ်။

## မသိရင်မဖြစ်တဲ့ Layers တွေအကြောင်း

Layers ဆိုတဲ့ အလွှာတွေရဲ့ အကြောင်းကို Photoshop နဲ့ ဂရပ်ဖစ်ဒီဇိုင်းသမားတွေ အတွက်ကတော့သိပ်ကိုအရေးကြီးပြီး အမှန်တကယ်ကို သိထားတတ်ထား နားလည်ထားဖို့ လို အပ်လှပါတယ်။

Layers တွေရဲ့ အကြောင်းကို ထဲထဲဝင်ဝင်မသိရင်၊ ကျွမ်းကျင်မှု မရှိခဲ့ရင်တော့ သင် စိတ်ကူးရှိတဲ့အတိုင်းဘာကိုမှဖန်တီးလုပ်ဆောင်နိုင်မှာမဟုတ်ပါဘူး။

Layers တွေရဲ့ အကြောင်းကို စာဖတ်ပြီး နည်းပညာလေ့လာသူတစ်ယောက်ကို နား လည်တတ်ကျွမ်းသည်အထိ စာနဲ့ရှင်းပြဖို့ဆိုတာ တကယ်တော့ မလွယ်ကူလှပါဘူး။

ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့ Photoshop ကမ္ဘာသို့ အလည်တစ်ခေါက် လာရောက်ပြီး စတင်လေ့လာသူများကို အတတ်နိုင်ဆုံး စေတနာရှေ့ထားပြီး ရိုးရှင်းလွယ်ကူ သောပုံစံများကို ပုံများနှင့်တကွ နားလည် သဘောပေါက် လွယ်ကူအောင် ရှင်းလင်းတင်ပြပေး ထားပါသည်။

Photoshop Programs ကိုစတင်ဖွင့်လှစ်ပြီးရင် Photoshop Workarea တစ်ခု ကိုသင်မြင်တွေ့ရပါပြီ၊

Photoshop workarea နှင့်အတူ Layer Palette လို့ ခေါ်တဲ့Layer Box ကလေး ကိုလည်းသင်မြင်တွေ့ရမှာပါ။


တကယ်လို့ Layers palette ကို မမြင်တွေ့ရဘူး ဆိုရင်တော့ Menu bar မှ Window Menu ထဲက Layers ကိုရွေးချယ်နိုင်သလို Keyboard မှ F7 ကိုနှိပ်ပြီးတော့ လည်း Layer Palette ကိုဖွင့်ခြင်းပိတ်ခြင်းများပြုလုပ်နိုင်ပါတယ်။

ကဲ. . . ပုံ(၁၉) ကိုကြည့်ပါ Photoshop Workarea နဲ့ Layers Palette ကိုသင် မြင်တွေ့ရပါပြီ။

## မသိရင်မဖြစ်တဲ့ Layers တွေအကြောင်း

ပုံ ( ၁၉ )

**Photoshop Workarea နဲ့ Layers Palette**




Layers Palette

Layers Palette တွင် Layers များကိုငင်းတို့၏အမည်၊ ၎င်းတို့၏ Thumbnail နှင့် တကွဖေါ်ပြပေးထားပါလိမ့်မည်။ (အလွယ်ကူဆုံးရှင်းပြပါမည်)

Photoshop workarea မှာ File > Open နဲ့ Image တစ်ခုကိုမဖွင့်မခြင်း Layers Palette လို့ခေါ်တဲ့Layers box လေးထဲမှာလည်း အလွှာတလွှာမှ ရှိနေ မြင်နေရမှာ မဟုတ်ပါဘူး။

ဟုတ်ပြီ . . . . ဒါဆိုရင် File > Open နဲ့ Image တစ်ခုကို ဖွင့်ကြည့်လိုက်ရအောင်။ တကယ်လို့ မဖွင့်တတ်ရင်တော့ (အခြေခံအစ File Open က) ဆိုတဲ့သင်ခန်းစာကိုပြန်ကြည့်လိုက်ပါ။

File Open မှ Image တစ်ခုကိုဖွင့်လိုက်တယ်ဆိုရင် Photoshop workarea မှာ Image တစ်ခုကို သင်မြင်တွေ့နေရသလို Layers Palette မှာလည်း Background အမည် Thumbnail ပုံငယ်နဲ့ အလွှာလေးတစ်လွှာကို အပြာရောင်လေးနဲ့ သင်စတင်မြင်တွေ့ရမှာပါ။

ပုံ ( ၂၀ )
Image File တစ်ခုဖွင့်လှစ်ထားပုံ




ကျွန်တော်တို့ နောက်တစ်မျိုး ထပ်လုပ်ကြည့်ရအောင်၊ လက်ရှိဖွင့်ထားတဲ့ Image File ကိုပိတ်လိုက်ပါ။

Photoshop workarea မှာ ဘာပုံမှရှိမနေတော့ဘူးဆိုရင် File အသစ်တစ်ခုကိုခေါ်ပြီး တစ်ခုထက်ပိုတဲ့အလွှာတွေကိုပြုလုပ်ကြည့်ရအောင်။

File အသစ်ကိုခေါ်ချင်ရင်တော့ File > New ကိုကလစ်တစ်ချက်နှိပ်ပြီး 8 x 10 Size ကို သက်မှတ်ပြီး Open လုပ်၍ဖွင့်ပါ။ (File အသစ်တွေကိုဖွင့်လှစ်စို့) သင်ခန်းစာကိုပြန်ကြည့်ပါ။

ပုံ ( ၂၀ )
File New ဖွင့်လှစ်ထားပုံ



ပုံ(၂၁)မှာမြင်တွေ့ရတဲ့အတိုင်း Photoshop workarea မှာအဖြူရောင်Backgr ound နဲ့ File အသစ်တစ်ခုကိုသင်တွေ့မြင်နေရသလို Layers Palette မှာလည်း Backgr-ound အမည်နဲ့အလွှာလေးတစ်လွှာကိုမြင်တွေ့နေရမှာပါ။

နောက်ပြီး သင်သိထားရမှာက Photoshop မှာဘယ်လိုအမည်နဲ့သိမ်းထားတဲ့ Image တစ်ခုပဲဖြစ်စေ၊ စာတစ်ခုပဲဖြစ်စေ ဦးစွာပထမ ဖွင့်လိုက်တဲ့ Image တွေစာတွေကို Layers Palette ထဲမှာတော့ Background Layer အဖြစ်နဲ့ပဲစတင်မြင်တွေ့ရမှာပါ။

သည် Background Layer ပေါ်ကိုနောက်ထပ် Background Layer တွေ ထပ်ထည့်လိုက်မယ်ဆိုရင်တော့ Layer Palette မှာ Layer (၁), Layer (၂), Layer (၃) ဆိုပြီးအစဉ်လိုက်ဖော်ပြပေးသွားမှာပါ။

ကောင်းပြီ ဒါဆိုရင် လက်တွေ့ လုပ်ကြည့်ရအောင် ။ ရှိနေတဲ့ File အသစ်ကို သည်အတိုင်းထားပြီး Imageတစ်ခုကိုထပ်ဖွင့်လိုက်ရအောင်။ File Open နဲ့ Image File တစ်ခုကိုဖွင့်လိုက်ပါ။

ပုံ ( ၂၂ )

File အသစ်တစ်ခုနဲ့ Image Fileတစ်ခု



သည် Image တစ်ခုဟာလည်း တစ်ပုံတည်းရှိနေတဲ့အတွက် Layers Palette မှာလည်း Background အမည်နဲ့အလွှာလေးတစ်လွှာအဖြစ် မြင်တွေ့ရမှာပါ။

အခုဆိုရင် Photoshop workarea မှာ ဘာပုံရိပ်မှရှိမနေတဲ့ အဖြူရောင် Ba-ckkground နဲ့ File အသစ်ရယ် Image File တစ်ခုရယ် နှစ်ခုမြင်တွေ့ရမှာပါ။

Layers Palette မှာတော့ Image တွေဟာတစ်ပုံနဲ့တစ်ပုံ မပေါင်းစပ်ပဲ တစ်ခုစီရှိနေသမျှတော့ Backgroundမည်နဲ့အလွှာတစ်လွှာအဖြစ်ပဲရှိနေအုံးမှာပါ။

File အသစ်တစ်ခုနဲ့ Image File တစ်ခုကို သင်မြင်တွေ့ရပြီဆိုရင် အဲဒီနှစ်ခုကိုကျွန်တော်တို့ပေါင်းစပ်ကြည့်ရအောင်။

File အသစ်ထဲကို Image File တစ်ခုကိုပေါင်းစပ်ထည့်ဖို့အတွက်ကတော့ ပထမဆုံး Tool Box ထဲက Move Tool ကို ကလစ်တစ်ချက်နှိပ်ပြီးရွေးချယ်လိုက်ပါ။

ဒါမှမဟုတ်ရင်တော့ Keyboard နဲ့ ( V ) ကို နှိပ်ပြီးတော့လည်း ရွေးချယ်နိုင်ပါတယ်။

ရွေးချယ်ပြီးရင် စပြီးလုပ်ကြည့်ရအောင် Image File ပေါ်မှာ မျှားလေးကိုရောက်အောင်သွားပြီး mouse ရဲ့လက်ညိုးကလစ်ကိုဖိထားပြီး File အသစ်ပေါ် သို့ ရောက်အောင် drag ဆွဲယူလိုက်ပါ။ File အသစ်ပေါ်ကိုရောက်ပြီဆိုရင်တော့ mouse ကိုဖိထားတဲ့လက်ညိုးလေးကိုလွှတ်လိုက်ပါ။


ဒါဆိုရင် အဖြူရောင် Background နဲ့ File အသစ်ပေါ်မှာ Image တစ်ခုဟာရောက်ရှိသွားပြီး Layers Paletteမှာလည်း Background Layer ဆိုတဲ့ အလွှာတစ်ခုနဲ့ Layer (၁) ဆိုတဲ့ အလွှာတစ်ခုကိုသင်မြင်တွေ့ရပြီပေါ့နော်။

File အသစ်ဟာ Image File တစ်ခုနဲ့ ပေါင်းစပ်ထားပြီး Layer နှစ်ခုနဲ့ File အဖြစ်ရှိနေပါပြီ။

File အသစ်ပေါ်ကို drag ဆွဲယူခြင်းဟာလည်း Copy ပွါးယူခြင်းမျိုးမို့ နဂို ImageFile ကလည်းသူ့အတိုင်းပဲကျန်နေပါလိမ့်မယ်။


ပုံ ( ၂၃ )

Image FileNewပေါ်သို့Imageတစ်ခုကိုdragဆွဲယူပုံ



ပုံ ( ၂၄ )

FileNewပေါ်သို့Imageတစ်ခုရောက်ရှိသွားပုံ



File တစ်ခုပေါ်ကိုမိမိပြုလုပ်မဲ့ ဒီဇိုင်းအပေါ် မှာ မူတည်ပြီးထည့်ချင်တဲ့ Image တွေကို File Open လုပ်ပြီးဖွင့်ပါ။


ပြီးရင် move Tool နဲ့ drag ဆွဲပြီး များစွာသော Image တွေကိုထည့်ပြီးပေါင်းစပ်လို့ထားနိုင်ပါတယ်။

File တစ်ခုပေါ်ကိုနောက်ထပ် Image တွေစာတွေထပ်ပြီး ထည့်တိုင်းမှာ Layer Palette မှာလည်း Layer (၁) ,Layer (၂), Layer (၃) ဆိုပြီး အစဉ်လိုက်သော အလွှာတွေအများကြီးဖြစ်လာမှာပါ။

အောက်မှာရှိတဲ့ ပုံ(၂၅) ကိုကြည့်ပါ။ Image (၅) မျိုးကို Open လုပ်ပြီး Move Tool နဲ့ တစ်ပုံခြင်း drag ဆွဲယူပြီး File New ပေါ်ကိုထည့်လိုက်တော့ File New ဟာ Image (၅) ခုနဲ့ File အဖြစ်ရှိနေသလို Layer Palette မှာလည်း Image အလွှာ (၅) ခုနဲ့ Background Layer ဆိုတဲ့အလွှာတစ်ခု စုစုပေါင်း အလွှာ(၆) ခုနဲ့မြင်တွေ့ရမှာပါ။

ပုံ ( ၂၅ )

**File New ဟာ Image (၅) ခုနဲ့ File အဖြစ်ရှိနေပုံ**



Layer ဆိုတဲ့ အလွှာတွေကို အရိုးရှင်းဆုံး ဥပမာအနေနဲ့ နှိုင်းယှဉ်ပြောရရင် မဂ္ဂဇင်း စာအုပ်တစ်အုပ်လို့ပဲ မြင်ကြည့်ကြပါစို့။

ပုံ ( ၂၆ )




Layers Palette မှာရှိနေတဲ့ အပေါ်ဆုံးက အလွှာလေးဟာ စာအုပ်ထဲမှာ စတင်မြင်တွေ့ရတဲ့မျက်နှာဖုံးပေါ့။


ဒုတိယအလွှာလေးကတော့ စာအုပ်ရဲ့ ဒုတိယစာမျက်နှာလေးပေါ့။ ဒီလိုပဲ တတိယ၊ စတုတ္ထ ၊ပဥ္စမ ဆိုတဲ့ အပေါ်ဆုံးကနေအောက်ဆုံးထိ အစဉ်လိုက်သော အလွှာတွေဟာ စာအုပ်တစ်အုပ်ရဲ့ မျက်နှာဖုံးကနေ နောက်ဆုံးစာမျက်နှာထိလိုပဲ တည်ရှိနေပါတယ်။

စာအုပ်တစ်အုပ်ရဲ့စာမျက်နှာတစ်ဆယ်ကို အပေါ်ဆုံးမှာထားပြီးအပေါ်ဆုံးကမျက်နှာဖုံးကို စာမျက်နှာတစ်ဆယ်နေရာမှာပြောင်းရွှေ့ထားလိုက်မယ်ဆိုရင် ကျွန်တော်တို့ အရင်ဦးဆုံးမြင်ရမှာကတော့ စာမျက်နှာ တစ်ဆယ်ဖြစ်လို့နေပြီပေါ့။

ဒီလိုပဲ Layers ဆိုတဲ့အလွှာလေးတွေဟာ အပေါ်အောက် နေရာပြောင်းလည်းနိုင်တဲ့အတွက် စမ်းသပ်လေ့ကျင့်ရင်းအဆင်ပြေသွားပါလိမ့်မယ်။


ပုံ ( ၂၇ )

**Image (၅)ခုနဲ့ File**



ပုံ ( ၂၈ )

**Image (၅)ခုမှပုံရိပ်(၂)ခုကွယ်ပျောက်နေပုံ**



ကျွန်တော့်အနေနဲ့ စတင်လေ့လာသူတို့သေချာရှင်းလင်းလွယ်ကူစွာ သိအောင် ပုံနှင့်တကွ ထပ်မံရှင်းလင်း ပြပါအုံးမယ်။


Layers Palette box ထဲက Layer Name တွေရဲ့ဘေးမှာ Photoshop မှာ ဖွင့်ထားတဲ့ Image တွေ၊ စာတွေကိုThumbnail နဲ့ပြထားပြီး ထိုThumbnailပုံငယ်လေးတွေရဲ့ဘေးမှာမျက်လုံးပုံနဲ့ Icon လေးတွေရှိနေတာကိုတွေ့ရမှာပါ။

အဲဒီမျက်လုံးပုံနဲ့ Icon လေးတွေဟာ ကိုယ်လက်ရှိ လုပ်ကိုင်နေတဲ့ Imageတွေ စာတွေကို File ထဲမှ ခေတ္တဖျောက်ထားလိုတဲ့အခါမှာ အဲဒီ မျက်လုံးပုံ Icon လေးကို ကလစ်တစ်ချက်နှိပ်ပြီး ပိတ်လိုက်ရင် File ထဲမှာလည်း Image တစ်ခုဟာ ခေတ္တပျောက်ကွယ်သွားပါလိမ့်မယ်။

ဒီလိုပဲ ကိုယ်ခေတ္တကွယ်ပျောက်စေချင်တဲ့ Image တွေကို မျက်လုံးပုံ Icon လေးမှာ ကလစ်တစ်ချက်နှိပ်ပြီး ခေတ္တဖျောက်ထားနိုင်ပါတယ်။

ခေတ္တဖျောက်ထားတဲ့ပုံတွေကို ပြန်မြင်ချင်ရင်တော့ အဲဒီမျက်လုံးပုံ Icon လေးကိုပဲ ကလစ်တစ်ချက်နှိပ်လိုက်မယ်ဆိုရင် ပိတ်နေတဲ့မျက်လုံးလေးဟာပြန်ပြီးပွင့်လာသလို File ထဲမှာလည်း ကွယ်ပျောက်နေတဲ့ Image တစ်ခုကို ပြန်မြင်တွေ့ရပြီပေါ့။ . .

ပုံ ( ၂၉ )




**Tool Option bar က Auto Select**

ပုံ(၃၀)ကို တစ်ချက် ကြည့်လိုက်ပါ ။ ပုံ(၃၀) မှာ မြင်တွေ့ နေရတဲ့ File ထဲမှာ Image ငါးခုကိုကြည့်လိုက်ရင် တစ်ပုံတည်းပုံစံဖြစ်အောင် Image တစ်ခုပေါ်သို့ နောက်ထပ် Image လေးခုကို Move Tool နဲ့ဆွဲပြီးထပ်ကြည့်လိုက်ပါ။

Image တစ်ခုပေါ်ကို နောက်ထပ် Image လေးခုကို အစဉ်လိုက်ထပ်ကြည့်ဖို့အတွက်ကတော့ ပထမဦးဆုံးTool Option bar က Auto Select ရဲ့ဘေးကလေးထောင့်ကွက်လေးထဲမှာ အမှန်ခြစ်( ✓ )ကလေးဖြစ်အောင်လို့ကလစ်တစ်ချက်နှိပ်ရပါမယ်။

ပုံ ( ၃၀ )

**Image (၅)ခုနဲ့ File**




ပုံ ( ၃၁ )

**Image (၅)ခု တစ်ထပ်တည်းရှိနေပုံ**




အဲဒီလိုအမှန်ခြစ်( ✓ )လေးဖြစ်သွားမှ File ထဲက Image တစ်ခုကိုသင်ထောက်ကြည့်လိုက်တိုင်း Layer Palettebox မှာလည်း သင်ရွေးချယ်တဲ့ Image ရဲ့ အလွှာလေးဟာ ပြောင်းလည်းပြီးသာဖြစ်နေပြီး လိုအပ်သလိုရွှေ့ပြောင်းလုပ်ဆောင်နိုင်မှာပါ။

သည်နေရာမှာ သင်သတိပြုရမှာက File ထဲကကိုယ်ပြုပြင်ချင်တဲ့ လုပ်ဆောင်ချင်တဲ့ Image တစ်ခုကို ပြုပြင် လုပ်ဆောင်ဖို့အတွက် Layer Box ထဲမှာလည်း ကိုယ်ပြုလုပ်မဲ့ Image တစ်ခုရဲ့ အလွှာလေးဟာ အပြာရောင်လေးနဲ့ရွေးချယ်ပြီးဖြစ်နေရပါမယ်။

(ထပ်မံရှင်းပြပါမည်)/ File ထဲမှာရှိနေတဲ့ Image တွေထဲက သင်ဟာ Baby ပုံလေးကိုပြုပြင်ချင်ထယ်ဆိုရင်Layer Box ထဲမှာရှိနေတဲ့ အလွှာလေးတစ်လွှာဟာလည်း Baby ပုံလေးရှိနေတဲ့ အလွှာမှာ အပြာရောင်လေးဖြစ်နေဖို့ လိုပါတယ်။

ပုံ ( ၃၂ )



Baby picture layer

Layer Box ထဲက အပြာရောင်လေးဖြစ်နေတဲ့ အလွှာကိုသာ သင်ပြုပြင်လုပ်ဆောင်နိုင်မှာပါ။ Layer Box ထဲမှာ သင်ပြုလုပ်ချင်တဲ့ ပုံရဲ့ အလွှာလေးကို ကလစ်တစ်ချက်နှိပ်ပြီး အပြာရောင်လေးအဖြစ်ရွေးချယ်မထားဘဲ File ထဲကတွေ့တဲ့ Image တစ်ခုခုကိုပြုပြင်လုပ်ဆောင်နေမယ်ဆိုရင် သင့်ရဲ့လုပ်ဆောင်ချက်တွေဟာဘာမှအရာထင်မှာမဟုတ်ပါဘူး။

ဒါ့ကြောင့် ပြုလုပ်မဲ့ Image တွေနဲ့ Layer Box ထဲကအလွှာဟာထပ်တူဖြစ်နေဖို့က အရေးကြီးလှပါတယ်။Image တစ်ခုပေါ်မှာ သင်ဘာကိုမှ လုပ်ဆောင်လို့မရဘူး။(ဥပမာ။ ။အလင်းအမှောင်ချိန်လို့မရ၊ ကာလာချိန်လို့မရ၊ ဖျက်လို့လည်းမရ ဖြစ်နေပြီဆိုရင်တော့ ဒါဟာ သေချာပြီ Layer Box ထဲမှာ ကိုယ်ပြုလုပ်မဲ့ Image ရဲ့အလွှာမဟုတ်လို့ပဲလို့ နားလည်သဘောပေါက်ထားရပါမယ်။

Tool Option bar ပေါ်က Auto Select ဘေးက လေးထောင့်ကွက်ထဲမှာ (√) အမှန်ခြစ်ကလေး ရွေးချယ်မထားဘူးဆိုရင်တော့ File ထဲက ကိုယ်ပြုလုပ်မဲ့ Image တစ်ခုကိုရွေးချယ်တော့မယ်ဆိုရင် အရင်ဦးဆုံး Layer box ထဲမှာသွားပြီးရွေးချယ်ရပါလိမ့်မယ်။

အဲဒီလို Layer Box ထဲမှာသွားပြီး ရွေးချယ်ရတဲ့အတွက် သင့်ကိုပိုပြီးအလုပ်ရှုပ်စေမှာပေါ့။ဒါကိုသဘောပေါက်ပြီဆိုရင် ကျွန်တော်တို့ဆက်ကြရအောင် ပုံ(၃၁)မှာ မြင်တွေ့ရတဲ့အတိုင်း Image (၅) ခုဟာတစ်ထပ်တည်း၊ တစ်ပုံတည်းလိုဖြစ်နေပါပြီ၊ ပေါ်ဆုံးက Image တစ်ခုကလွဲလို့ ကျန်တဲ့ Image တွေကိုရှိနေမှန်းသိပေမဲ့ ကျွန်တော်တို့မမြင်တွေ့နိုင်ပါဘူး။

ဒါဟာ စာအုပ်တစ်အုပ်ရဲ့ အပေါ်ဆုံးက မြင်နေရတဲ့ မျက်နှာဖုံးနဲ့ ဆင်တူပါတယ် အပေါ်ဆုံးမှာရှိနေတဲ့ Image တစ်ခုရဲ့အောက်မှာရှိနေတဲ့ နောက်ထပ် Image တစ်ခုကိုမြင်ချင်တယ်ဆိုရင်တော့ Layer Box ထဲက အပေါ်ဆုံးမှာရှိနေတဲ့ အလွှာလေးရဲ့ မျက်လုံးပုံ Icon လေးကို ကလစ်တစ်ချက်နှိပ်ပြီး ပိတ်လိုက်မယ်ဆိုရင် အပေါ်ဆုံးက Image တစ်ခုဟာ File ထဲက ခဏကွယ်ပျောက်သွားပြီး ဒုတိယမှာရှိနေတဲ့ Image ကိုမြင်ရပြီပေါ့။

ဒီလိုပဲ ဒုတိယ Image ရဲ့ Layer Box ထဲကအလွှာလေးရဲ့ မျက်လုံးပုံ Icon လေးကိုကလစ်တစ်ချက်နှိပ်ပြီးပိတ်လိုက်မယ်ဆိုရင် ဒုတိယ Image တစ်ခုဟာလည်း File ထဲက ခဏကွယ်ပျောက်ပြီး တတိယမှာရှိနေတဲ့ Image တစ်ခုကိုမြင်ရပြီပေါ့။

ဒီလိုပဲ Layer Palette ထဲကမျက်လုံးပုံ Icon လေးတွေကို အပေါ်ဆုံးကနေ အစဉ်လိုက်ပိတ်ကြည့်လိုက်ပါ။ File ထဲမှာရှိနေတဲ့ Image တွေဟာ ခဏကွယ်ပျောက်သွားပါလိမ့်မယ်။

ပုံ(၂၈)ကိုကြည့်ပါ။ ကိုယ်ပြန်ဖော်ချင်တဲ့ ပုံတွေကိုတော့ အဲဒီ Layer Palette ထဲက ပိတ်နေတဲ့ မျက်လုံးပုံ Icon လေးတွေကို ကလစ်တစ်ချက်နှိပ်ပြီး ဖွင့်လိုက်မယ်ဆိုရင် File ထဲမှာ လည်း သင်ပြန်မြင်တွေ့ရပြီပေါ့။

အထက်ဖော်ပြပါ အကြောင်းအရာတွေကို ထပ်ခါထပ်ခါ လေ့ကျင့်ကြည့်ပါ။ ဒီထက်ပိုမိုပြီး ကောင်းမွန်စွာ စွမ်းဆောင်နိုင်မှုတွေကို Layer Palette ထဲမှာ သင်ရှာဖွေတွေ့ရှိအုံးမှာပါ။

## Tool Box ထဲက Crop Tool အကြောင်း

Tool box ထဲက Crop Tool သည် ကျွန်တော်တို့ ပြုလုပ်မည့် File တစ်ခုကို တိကျသေချာသော အရွယ်အစားများ ရရှိအောင် ဖြတ်တောက်ပေးနိုင်ပါသည်။File အဟောင်းကိုဖြစ်စေ၊ File အသစ်ကိုဖြစ်စေTool options bar တွင် အကျယ်၊အမြင့်နှင့် Resolutions ဟု ခေါ်သော သိပ်သည်းမှု ကို ရိုက်ထည့်ပြီး Crop Tool ဖြင့် ဖြတ်တောက်ကာ ရယူနိုင်ပါသည်။

File open မှတစ်ဆင့် Image File တစ်ခုကို Photoshop workarea ထဲကို ရောက်အောင် ဖွင့်ချလိုက်ပါ ။ ဒါဆိုရင် Photoshop မှာ Image File တစ်ခု ရှိနေပြီပေါ့။


ပုံ ( ၃၃ )



အဲဒီ Image File လေးရဲ့အပြာရောင်ဘောင်ကလေးကိုဖျောက်ပစ်လိုက်ပါဦး။ ဒီလိုဖျောက်ဖို့အတွက် အပြာရောင်ဘောင်လေးပေါ်မှာရှိတဲ့ Maximize လေးကို ကလစ်တစ်ချက်နှိပ်လိုက်ရင် အစဉ်ပြေသွားမှာပေါ့။

ဒီလိုအပြာရောင် ဘောင်ကလေးကိုဖျောက်လိုက်ခြင်းဟာ Crop Toolကို သုံးရတဲ့အခါ သင့်ကိုပိုပြီးလွတ်လပ်တာပေါ့ ။ Tool box ထဲက Crop Toolကို ရွေးချယ်လိုက်ပါ ။ ဒါမှမဟုတ်ရင်တော့ Keyboard ထဲက (C) ကို နှိပ်ခြင်းဖြင့်လည်း ရွေးချယ်နိုင်ပါတယ် ။ Crop Tool ကို ရွေးချယ်ပြီးရင် ဒီအတိုင်းအသုံးပြုလို့မရသေးပါဘူး။ ကျွန်တော်တို့တွေ Tool options bar မှာသွားပြီး ကျွန်တော်တို့လိုချင်တဲ့ Size အတွက် Width,Height,Resolution တို့မှာ သတ်မှတ်ချက်များ ရိုက်ထည့်ရပါအုံးမယ်။

ပုံ ( ၃၄ )




ပုံ ( ၃၅ )

Tool options bar



ဒါဆိုရင် ကျွန်တော်တို့ အခုမြင်နေရတဲ့ Image Fileလေးကို 4 x 6 size တစ်ခု ရအောင်ဖြတ်တောက် ကြည့်မယ်နော်။

Tool options bar ရဲ့ width: မှာ 4 in , Height: မှာ 6 inလို့ရိုက်ထည့်ပြီး Resolution မှာ (300) ရိုက်ထည့်လိုက်ပါမယ်။

ဒီလိုရိုက်ထည့်ပြီးရင်တော့ ကျွန်တော်တို့တွေ Crop Toolကို စတင်အသုံးပြုလို့ရ ပြီပေါ့။

Image File ရဲ့အပေါ် ဘယ်ဖက်ထောင့်ဖက်ဆီမှာ Crop Tool ကို ရွေးချယ်ထားတဲ့ mouse pointer လေးကို တင်လိုက်ပါ။ ဒီလိုတင်ပြီးရင်တော့ mouse ရဲ့ လက်ညှိုးခလုတ်ကလေးကို ဖိပြီး အောက်သို့ထောင့်ဖြတ်အတိုင်းဆွဲချပါ။

ဒီလိုဆွဲချနေစဉ်မှာဘဲ ကိုယ်ကပုံတစ်ပုံရဲ့ ဘယ်အစိတ်အပိုင်းထိရောက်အောင် ဆွဲသွားမှာလဲ။ ကိုယ်လိုချင်တဲ့ အစိတ်အပိုင်းထိရောက်အောင်ဖိပြီး ဆွဲယူသွားပါ။ ပြီးရင်ဖိထားတဲ့ လက်ညှိုးခလုတ်ကလေးကို လွှတ်လိုက်ပါ။

ဒီလိုလွှတ်လိုက်ပြီးရင် အစက်ရာက လေးတွေ ပြေးနေတဲ့ ဧရိယာလေးကို ကျွန်တော် တို့ မြင်တွေ့ရပြီပေါ့။

ပုံ ( ၃၆ )



ဒီလိုပြေးနေတဲ့အစက်ရာ ဧရိယာလေးကိုမြင်တွေ့တဲ့အချိန်မှာ တွေ့နိုင်တဲ့ အခက်အခဲလေးတွေကိုလည်း ပြောပါအုံးမယ် ။ အစက်ရာကလေးတွေ ပြေးနေတဲ့ ဧရိယာလေးဟာ စောင်းနေမယ်၊ ဒါမှမဟုတ် လိုချင်တဲ့ အစိတ်အပိုင်းထက်ကျော်နေမယ်၊ လိုချင်တဲ့အစိတ်အပိုင်းကိုမရောက်သေးဘူး၊ အပေါ်ရောက်နေတာတို့ ၊ အောက်ရောက်နေတာတို့ကို အမျိုးမျိုးကြုံရပါလိမ့်မယ်။

ဒီလိုကြုံရတဲ့အခါ မှာ စိတ်မညစ်ပါနဲ့။ Crop Toolဟာ keyboard က Enter Key ကို မနှိပ်မခြင်း အမျိုးမျိုးပြုပြင်လို့ရပါသေးတယ်။

ပထမဦးဆုံး အစက်ရာလေးတွေပြေးနေတဲ့ ဧရိယာလေးဟာ စောင်းနေမယ်ဆိုရင်တော့ အစက်ရာဧရိယာရဲ့ အပြင်ဖက် အပေါ်ထောင့်ဖက်ကို mouse pointerလေးကို ရောက်အောင်သွားလိုက်ပါ။

mouse pointer လေးဟာ အပြင်ဖက်ဆိုပေမယ့် ထောင့်နဲ့အနီးကပ်ဆုံးရှိနေဖို့တော့ လိုပါတယ်။ဒါဆိုရင်နှစ်ဖက်ဦးရှိသော မျှားအကွေးပုံသဏ္ဌာန်လေးပေါ်လာပါလိမ့်မယ်။

အဲဒီမျှားအကွေးပုံလေး ပေါ်လာရင် ၄င်းအပေါ်မှာ mouse ကိုဖိပြီး ဟိုဘက် ဒီဘက်လှုပ်ကြည့်လိုက်ပါ။ ဒီလိုလှုပ်ကြည့်လိုက်ရင် အစက်ရာဧရိယာတစ်ခုလုံးဟာ ရွေ့လျားပြီးလှုပ်လာပါလိမ့်မယ်။ ဒါဆိုရင် ကိုယ်လိုချင်တဲ့ ပုံစံရအောင်ချိန်ညှိယူရုံပဲပေါ့။

ပုံ ( ၃၇ )



နောက်တစ်ခုက အစက်ရာလေးတွေပြေးနေတဲ့ ဧရိယာတစ်ခုလုံးကို ချုံ့ခြင်တယ်၊ ချဲ့ခြင်တယ် ဆိုရင်တော့ အပေါ်ဖက်ထောင့်နေရာ တည့်တည့်ကို mouse ကို ရောက်အောင်သွားပါ။

ထောင့်နေရာတည့်တည့်မှာ mouse pointer လေးရောက်သွားရင် နှစ်ဖက်ဦးပုံသဏ္ဍာန်ရှိတဲ့ မျှားဦးပုံလေး ပေါ်လာပါလိမ့်မယ်။ အဲဒီမျှားဦးပုံလေးမှာ mouseကို ဖိပြီး ထောင့်ဖြတ်ဆွဲပြီး ချုံ့တာ၊ချဲ့တာ ပြုလုပ်နိုင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ တွေ့မြင်နေရတဲ့ အစက်ရာလေးတွေပြေးနေတဲ့ ဧရိယာလေးကို Keyboard မှာရှိတဲ့ Arrow Key လေးကို အသုံးပြုပြီးတော့လည်း အထက်အောက်၊ ဘယ် ညာရွေ့ပြောင်းပြီး ချိန်ညှိနိုင်ပါသေးတယ်။

တစ်ကယ်လို့များ Crop Toolကို အသုံးပြုနေစဉ်အတွင်းမှာ အသုံးမပြုချင်တော့ဘူးပြန်ထွက် ချင်တယ်ဆိုရင်တော့ Keyboard မှာရှိတဲ့ အပေါ်ဆုံးဘယ်ဖက်အစွန်က Esc လို့ရေးထားတဲ့ keyလေးကိုနှိပ်လိုက်ရင် အစက်ရာဧရိယာလေးဟာ ပျောက်ကွယ်ပြီး အသစ်တဖန်ပြန်သုံးလို့ရပြီပေါ့။

ကိုယ်လိုချင်တဲ့ အစိတ်အပိုင်းကို စိတ်ကြိုက်ချိန်ညှိလို့ရပြီဆိုရင်တော့ Keyboard က EnterKey လေးကို နှိပ်လိုက်ရင် ဒါဟာ ok ကို ကိုယ်စားပြုတဲ့ အတွက် 4 x 6အရွယ်ကို တိကျစွာဖြတ် တောက်ပြီးပြီပေါ့။

ဒီလိုဘဲကိုယ်အသုံးပြုချင်တဲ့၊ ကိုယ်လိုချင်တဲ့ sizeတွေကို ToolBox ထဲက Cr-opToolကို ရွေးချယ်ပြီးတာနဲ့ Tool options bar က width: နဲ့ Height မှာ ရိုက်ထည့်ပြီး Resolution ကိုတော့ ပုံမှန်အားဖြင့် (300) ကိုဘဲ အမြဲထားပြီးအသုံးပြုကြည့်ပါ။အစပထမမှာတော့ ခက်ခဲနေပေမယ့် နောက်တော့ အားလုံးအစဉ်ပြေစွာနဲ့အသုံးပြုတတ်လာမှာပါ။

ပုံ (၃၈)



## "အလင်းအမှောင်နဲ့ အရောင်စနစ်တွေကို တွဲသုံးကြည့်ရအောင်"

File > Open မှ တစ်ဆင့် Image File တစ်ခုကို ဖွင့်ပါ။

ပုံ ( ၃၉ )

maximize




Image File တစ်ခုဟာ Photoshop workarea ထဲကို ရောက်ရှိလာပြီဆိုရင် Image File ရဲ့ အပြာရောင်ဘောင်လေးကို မြင်ကွင်းကနေခေတ္တ ဖယ်ထုတ်လိုက်ပါ။

ဒီလိုဖယ်ထုတ်ပစ်ဖို့အတွက် maximize ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ဒါဆိုရင် Ima ge File ရဲ့ အပြာရောင်ဘောင်လေးဟာ မြင်ကွင်းကနေ ခေတ္တပျောက်ကွယ်သွားပြီပေါ့။

အလင်း အမှောင်နဲ့ ကာလာစနစ်တွေကို သုံးဖို့အတွက် Menu bar မှာရှိတဲ့ Image ကို ကလစ် တစ်ချက်နှိပ်လိုက်ပါ။ Adjustment ကို သွားပါ။

Adjustment ရဲ့ဘေးကကျလာတဲ့ box ကလေးရဲ့ List အားလုံးဟာ အလင်းအမှောင်နဲ့ ကာလာစနစ်တွေကိုသုံးဖို့အတွက် အစီအစဉ်တွေပဲဖြစ်တယ်။

ပုံ ( ၄၀ )



ပုံ ( ၄၀ )


Adobe Photoshop CS3 Extended - [54.psd @ 33.3% (Layer 2 copy, Gray/8)]
Mode
Adjustments
Duplicate...
Apply Image...
Calculations...
Image Size...
Canvas Size...
Pixel Aspect Ratio
Rotate Canvas
Trim...
Reveal All
Variables
Levels...
Auto Levels
Auto Contrast
Curves...
Brightness/Contrast...
Replace Color...
Gradient Map...
Shadow/Highlight...
Exposure...
Invert
Equalize
Threshold...
Posterize...
Variations...
start

ကျွန်တော်တို့ Adjustment ထဲက Curves ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။ Cruves ရဲ့ workarea ကိုကြည့်ပါ။


အလယ်လေးထောင့်ကွက်ကလေးရဲ့အလယ်ကဂရစ်ဖစ်လိုင်းကန့်လန့်ဖြတ် အနက်ရောင် မျဉ်းကြောင်းလေးကိုတွေ့ရမှာပေါ့။

ကန့်လန့်ဖြတ်မျဉ်းရဲ့အလယ်တည့် တည့်ကို mouse pointer လေးနဲ့ကလစ်တစ်ချက်နှိပ်ပြီး ဖိကာ အပေါ်အောက်ဆွဲကြည့်ပြီး အလင်းအ မှောင်ကို ချိန်ညှိနိုင်ပါတယ်။

နောက်ပြီး အဲဒီ ကန့်လန့်ဖြတ် မျဉ်းကြောင်းလေးပေါ်မှာ သံမှိုလေးတွေနဲ့ရိုက်သလိုမျိုးကလစ် လေးတွေပေးပြီး အထက်အောက် လိုသလို ရွှေ့ပြောင်းက အလင်း အမှောင်နဲ့ ကာလာကို ချိန်ညှိနိုင်ပါ တယ်။

မိမိစိတ်ကြိုက် အလင်း အမှောင်နဲ့ကာလာအရောင်တွေကို ချိန်ညှိလို့ရပြီဆိုရင်တော့ OK ကို ကလစ် တစ်ချက်နှိပ်လိုက်ရင်ရပြီပေါ့။


ပုံ ( ၄၂ )



ကိုယ်တိုင် အလင်း အမှောင်နဲ့ ကာလာ စနစ်တွေကို ရွေးချယ်ပြီး မချိန်ညှိချင်ဘူးဆိုရင်တော့Curves box ရဲ့ preset: မှာ အလင်းအမှောင်နဲ့ကာလာစနစ်တွေကို အဆင်သင့်အသုံးပြုနိုင်တဲ့ List လေးရှိပါတယ်။

အဲဒီ List လေးရဲ့ အစီအစဉ်တွေထဲက မိမိကြိုက်နှစ်သက်တာကိုရွေးချယ် အသုံးပြု နိုင်ပါတယ်။

ပုံ ( ၄၃ )




Curves box ရဲ့ Preset: စာတန်းလေးရဲ့ ဘေးမှာ လေးထောင့်ကွက်ကလေးရှိပါတယ်။ အဲဒီလေးထောင့်ကွက်ကလေးရဲ့ အစွန်ဆုံးထောင့်မှာ မျှားခေါင်းပုံကလေးရှိပါတယ်။

သည် မျှားခေါင်းကလေးကို ကလစ်တစ်ချက်နှိပ်လိုက်ရင် အလင်း၊အမှောင်နဲ့ကာလာစနစ်တွေပါတဲ့ List ကလေးကျလာပါလိမ့် မယ်။

None
Color Nagative (RGB)
Cross Process (RGB)
Darker (RGB)
Lighter (RGB)
Linear (RGB)
Linear contrast (RGB)
Medium contrast (RGB)


Negative (RGB)
Strong contrast (RGB)
Custom

သည် အစီအစဉ်လေးတွေ ထဲက တစ်ခုချင်းစီကို ကလစ်တစ်ချက်စီ နှိပ်ကြည့်ပြီး ကြည့်ရှုနိုင်သလို၊ စိတ်ကြိုက်ဖြစ်ရင်တော့ OK မှာ ကလစ်တစ်ချက်နှိပ်လိုက်ရင် ရပြီပေါ့။

ဒါမှ မဟုတ်လို့ ကိုယ်တိုင် စိတ်တိုင်းကျ အလင်း၊ အမှောင် နဲ့ ကာလာတွေကို ချိန်ဆချင်တယ်ဆိုရင်တော့ None ကိုဘဲ ရွေးချယ်ပြီး ကိုယ်တိုင်ချိန်ဆနိုင်ပါတယ်။

ကျွန်တော်တို့နောက်တစ်မျိုးထပ်လုပ်ကြည့်ရအောင်။ Image > Adjustment > color Balanceကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါမယ်။

ပုံ ( ၄၃ )




ဒါဆိုရင် color Balance box ကလေးကျလာပြီပေါ့နော်။သည် Color Balance ချိန်ညှိ စနစ် ကလေးကတော့ Photoshop အတွက် တော်တော်အသုံးဝင်ပါတယ်.


သူ့ထဲမှာတော့ color စနစ် (၆) မျိုး နဲ့ ပြထားပါတယ်။ CMYK color စနစ်နဲ့ RGB color စနစ်ကို တွဲဖက်အသုံးပြုလို့ရအောင် ပြုလုပ်ထား ပါတယ်။

Color Balance box ကလေးမှာ Color Levels ဟာ ဘယ်အရောင်ကိုမှ မရွေးချယ်ရသေးရင် တော့ (၀) အဖြစ်ပဲ ရှိနေပါလိမ့်မယ်။

Red color ကို လိုချင်ရင်တော့ Cyan နဲ့ Red ကြားက Slider (လျှောတံ) မျှားခေါင်းပုံ တုံးကလေးကို mouse နဲ့ ဖိပြီး Red color ဖက်ကို ဆွဲလာရင် Image မှာလည်း Red ကာလာတွေ တတ်လာသလို color Balance box က color Levels မှာလည်း (+ 1) မှ (+ 100)ထိကို ပထမ အသုံးပြုတဲ့ အထိ ဖော်ပြပေးနေပါလိမ့်မယ်။

ဒါမှမဟုတ် Image တစ်ခုမှ Red colorတွေကို လျော့ချချင်တယ်ဆိုရင်တော့ Cyanနဲ့

ပုံ ( ၄၄ )





Red ကြားက Slider (လျှာတံ)မျှားခေါင်းတုံးကလေးကိုပဲ mouse နဲ့ဖိပြီး Cyan ဖက်ကို ဆွဲပြီး လျှော့ချလိုက်ပါ။

ဒါဆိုရင် Image မှာလည်း Red color တွေ လျော့လာသလို Color Balance မှာလည်း (- 0) မှ(-100) ထိကို မိမိလျော့ချချင်တဲ့အထိ ဖော်ပြပေးနေပါလိမ့်မယ်။

ဒီလိုဘဲ Image တစ်ခုမှာ Green color ကို တိုးလာစေချင်ရင် Color Balance box မှာရှိတဲ့ Magenta နဲ့ Green ကြားက Slider (လျှာတံ) မျှားခေါင်းပုံတုံးကလေးကို mouse နဲ့ဖိဆွဲပြီး Green ဖက်ကို တိုးလာမယ်ဆိုရင် Image မှာလည်း Green color တွေတက်လာသလို Color Levels မှာလည်း (+ 0) မှ (+100) ထိကို အသုံးပြုတဲ့အထိ ဖော်ပြပေးနေပါလိမ့်မယ်။

ပုံ ( ၄၅ )



ပုံ ( ၄၆ )






Image မှာ Green colorကို လျှော့ချချင်တယ်ဆိုရင်တော့ Mangentaဖက်ကို Slider (လျှာတံ) မျှားခေါင်းပုံ တုံးကလေး ရွှေ့လာခဲ့ရင်Image မှာလည်း Green color တွေလျော့လာပြီး Mangenta color တွေတက်လာပါလိမ့်မယ်။ Color Leve မှာလည်း(-0) မှ (-100) ထိကို ကိုယ်လျှော့ချချင်တဲ့အထိ ဖော်ပြ ပေးနေပါလိမ့်မယ်။

Image မှာ Blue color တွေတိုးလာစေချင်ရင်လည်း Yellow နဲ့ Blue ကြားက Silder (လျှာတံ)မျှားခေါင်းပုံ တုံးကလေးကို mouse နဲ့ဖိဆွဲပြီး Blue ဖက်ကို တိုးလာမယ်ဆိုရင် Image မှာလည်း Blue color တွေ တက်လာပြီး color Levels မှာလည်းဘဲ (+0) မှ (+100)ထိကို ကိုယ်အသုံးပြုတဲ့အထိ ဖော်ပြ ပေးနေပါလိမ့်မယ်။

ပုံ ( ၄၇ )



ပုံ ( ၄၈ )





Image မှာ Blue color တွေ လျော့ချချင်ရင်တော့ Yellow ဘက်ကို မျှားခေါင်းပုံတုံးကလေးကိုရွှေ့လာခဲ့ရင် Imageမှာလည်း Blue color တွေလျော့လာပြီး Yellow colorတွေတိုးလာပါလိမ့်မယ်။

မိမိစိတ်ကြိုက် color စနစ်တွေကို ချိန်ညှိပြီးရင်တော့ color Balance box ထဲက OK မှာကလစ် လုပ်လိုက်ရင် Image တစ်ခုလုံးဟာ ကိုယ်ချိန်ညှိထားတဲ့ color စနစ်တွေနဲ့ပြောင်းလဲနေတာကိုတွေ့ရ ပါလိမ်မယ်။

ကျွန်တော်တို့ နောက်ထပ် Image တွေထဲက Adjustment ထဲက Brightness / Contrast ကလေးကို လေ့လာကြည့်ရအောင်။ Brightness/Contrast လေးကတော့ အလင်း အမှောင်နဲ့ အရောင်တောက်ပမှုတွေကို ပြင်ဆင်ရတဲ့ နေရာမှာ အသုံးပြုလို့ အစဉ်ပြေပါတယ်။

Image > Adjustment > Brightness / Contrast ကိုကလစ်တစ်ချက်နှိပ်လိုက်ရင် Photoshop မှာ Brightness နဲ့ Contrast box ကလေးမြင်ရပြီပေါ့။


သူကတော့ Brightness နဲ့ Contrast ကို Level ချိန်ညှိရတဲ့ သဘောပါ။Brightness Level မှာ အတိုးအလျော့ပြုလုပ်တဲ့အခါမှာ (0) မှ (150) ထိ ပြုလုပ်နိုင်ပြီး Contrast Level မှာ အတိုးအလျော့ပြုလုပ်တဲ့အခါမှာ (+0) မှ (+100)နဲ့ (-0)မှ (-50)ထိ ပြုလုပ်နိုင်ပါတယ်။

သူ့ရဲ့အရှင်းဆုံးပုံစံကတော့ Image တစ်ခုကို Brightness Level ရဲ့ အလင်းအမှောင်ရွေးချယ် မှုတွေကို Contrast Level ကလိုက်ပြီး တောက်ပပေးတဲ့သဘောပါဘဲ။

ပုံ ( ၄၈ )




ပုံ ( ၄၉ )


Brightness/Contrast
Brightness:
+39
OK
Cancel
Contrast:
-9
Preview
Use Legacy

ကျွန်တော် နောက်ထပ် တင်ပြချင်တာလေးတစ်ခုကတော့ Image တစ်ခုကို Color စနစ်မှ Black & White ပြောင်းလဲတဲ့ အခါမှာ အင်မတန် ကောင်းမွန်တဲ့ စနစ်ကလေးကို တင်ပြပေးချင်ပါတယ်။

Menu bar မှ Image > Adjustment > Black & White ကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်လိုက်ပါ။

ပုံ ( ၅၀ )





Black & White box ကလေးဟာ Image တစ်ခုကို ကိုယ်တိုင်စိတ်တိုင်းကျ ချိန်ညှိနိုင်သလိုPhotoshp CS3 ရဲ့ ထူးခြားလှပတဲ့ အလိုအလျောက် ချိန်ညှိပေးတဲ့ Auto စနစ်တွေကိုလည်း အသုံးပြုလို့ရပါတယ်။

ပုံမှာ မြင်တွေ့ရတဲ့ အတိုင်း အလယ်ခေါင်က Slider (လျှောတံ)မျှားဦးခေါင်းပုံတုံးကလေးတွေကို mouse နဲ့ ဖိဆွဲပြီး ဟိုဖက်၊ ဒီဖက် အတိုးအလျှော့ပြုလုပ်ပြီး မိမိစိတ်ကြိုက် ချိန်ညှိနိုင်ပါတယ်။


ကျွန်တော်အနေနဲ့ ကိုယ်တိုင် ချိန်ညှိတာထက်စာရင် Photoshop CS3 ရဲ့ ထူးခြားလှပစွာ ထည့်သွင်းပေးထားတဲ့Auto စနစ်တွေကို ယူသုံးရတာ ပိုပြီး အစဉ်ပြေမယ်လို့ထင်ပါတယ်။

အဲဒီ Autoစနစ်တွေကို ယူသုံးဖို့အတွက် Black & White box ကလေးမှာ ရှိတဲ့ Preset: ဘေးက လေးထောင့်ကွက်ကလေးရဲ့ မျှားခေါင်းကလေးကို ကလစ်တစ်ချက် နှိပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ အသုံးပြုနေတဲ့ Image File ကို စိတ်ကြိုက်ယူသုံးလို့ရတဲ့ List လေးကို

ပုံ (၅၀)


Black and White
Preset: None
OK
Cancel
Auto
Preview
Reds: 40 %
Yellows: 60 %
Greens: 40 %
Cyans: 60 %
Blues: 20 %
Magentas: 80 %
Tint
Hue
Saturation

ပုံ (၅၂)


Black and White
Preset: None
OK
Cancel
Auto
Preview
Reds:
Yellows:
Greens:
Cyans:
Blues:
Magentas: 80 %
None
Blue Filter
Green Filter
High Contrast Blue Filter
High Contrast Red Filter
Infrared
Maximum Black
Maximum White
Neutral Density
Red Filter
Yellow Filter
Custom
Tint
Hue
Saturation

မြင်ရပါလိမ့်မယ်။

ပုံမှာမြင်တွေ့ရတဲ့အတိုင်း

Nome
Blue Filter
Green Filter
High Contrast Blue Filter
High Contrast Red Filter
Infrared
Maximum Black
Maximum White
Neutral Density
Red Filter
Yellow Filter


Custom ဆိုတဲ့ စနစ်တွေထဲက တစ်ခုခြင်း ကလစ်တစ်ချက်ထောက်ပြီးကြည့်ပါ။ မိမိကြိုက်နှစ်သက်တဲ့ အရောင်စနစ်တစ်ခုကို စိတ်တိုင်းကျဖြစ်ရင် OK ကို ကလစ်တစ်ချက် နှိပ်လိုက်တာနဲ့ Photoshop မှာရှိနေတဲ့ Image ဟာ Black & Whiteစနစ်တစ်ခုကို ကူးပြောင်းသွားတာကို သင်မြင်တွေ့ရမှာဖြစ်ပါတယ်။

ပုံ ( ၅၃ )




Photoshop မှာ ဖွင့်ထားတဲ့ Image တစ်ခုကို အရောင် တစ်ခုခုလွှမ်းမိုးထားချင်တယ် ဆိုရင်တော့ Image ထဲက Adjustmentထဲက Photo Filter ကို ထပ်မံရွေးချယ်ပြီး ကလစ် တစ်ချက်နှိပ်ကာဖွင့်လိုက်ပါမယ်။

ပုံ ( ၅၄ )




ပုံ ( ၅၅ )



Photoshop မှာ Photo Filter box ကလေးမြင်တွေ့ရပြီဆိုရင် စပြီးပြုလုပ်ကြည့်ရအောင်ပါ။

Image တစ်ခုကို အရောင်တစ်ခု လွှမ်းမိုးဖို့အတွက် ကိုယ်တိုင်စိတ်ကြိုက်အရောင်ကိုရွေးချယ်လို့ရသလို Filter Menu ထဲက color စနစ်တွေကိုလဲ အစဉ်သင့် ရွေးချယ်ပြီး အသုံးပြုနိုင်ပါတယ်။


ဒီလိုအသုံးပြုမယ်ဆိုရင်တော့ ပထမဦးဆုံး Filter ရဲ့ ဘေးက စက်ဝိုင်းပုံလေးရဲ့ အလယ်ကို ကလစ်တစ်ချက်နှိပ်လိုက်ရပါမယ်။

ဒီလိုနှိပ်လိုက်တဲ့အခါမှာ စက်ဝိုင်းပုံလေးရဲ့ အလယ်မှာ အစိမ်းရောင်အစက်ကလေးရှိနေတာကို သင်မြင်တွေ့ရမှာပေါ့။

ဒါဟာ Filter Menu ထဲကစနစ်တွေကို အသုံးပြုဖို့ ရွေးချယ်လိုက်ခြင်းဖြစ်ပါတယ်။အစိမ်းရောင် အစက်ကလေးရှိနေရင်တော့ ကလစ်လုပ်ဖို့ မလိုအပ်ဘူးပေါ့။

မျှားခေါင်းကလေးကို ကလစ်တစ်ချက်နှိပ်လိုက်ပါဦး။ ဒီလိုနှိပ်လိုက်တာနဲ့ Filter Menu ရဲ့ color စနစ်တွေကို List လေးနဲ့ မြင်တွေ့ရပြီပေါ့။

ပုံ ( ၅၆ )



သည်အစီအစဉ်တွေထဲကမှ ကိုယ့်ရဲ့ Image ကို လွှမ်းမိုးစေချင်တဲ့ color စနစ်ကိုရွေးချယ်ရပါမယ်။

နမူနာအနေနဲ့ ကျွန်တော်တို့Red color ကိုရွေးချယ်လိုက်ကြပါစို့။
Redကို ရွေးချယ်ပြီး ကလစ်တစ်ချက် နှိပ်လိုက်တာနဲ့ Photo Filter ရဲ့လေးထောင့်ကွက်ကလေးဟာလည်း အနီရောင်အဖြစ်ပြောင်းလဲသွားသလိုPhotoshop မှာရှိနေတဲ့ Image မှာလဲ အနီရောင်လေးတွေ လွှမ်းမိုးလာပါပြီ။

ဒီလိုလွှမ်းမိုးနေတဲ့ Red color ကို အတိုးအလျှော့ထပ်ပြီးပြုလုပ်ချင်တယ်ဆိုရင်တော့ Photo Filter ရဲ့ Density ဆိုတဲ့ စာတန်းလေးအောက်က Slider (လျှောတံ) မျှားခေါင်းပုံအတုံးကလေးကို mouse နဲ့ဖိဆွဲပြီး Red Color ကို အတိုးအလျှော့ပြုလုပ်နိုင်ပါသေးတယ်။

စိတ်ကြိုက်ဖြစ်ပြီဆိုရင်တော့ Photo Filter box လေးမှာရှိတဲ့ OKမှာ ကလစ်တစ်ချက်နှိပ်လိုက်ရင် Photoshop မှာ မြင်နေရတဲ့ Image တစ်ခုလုံးဟာ ကိုယ်ရွေးချယ် ထားတဲ့ အနီရောင်တွေ လွှမ်းမိုးနေတာကို မြင်တွေ့ရပြီပေါ့။

Photoshop ရဲ့ အရောင်စနစ်တွေထဲက Image ထဲက Adjustment ထဲမှာ အသေးစိတ်လေ့လာကြည့်ပါ။

Photoshop CS3 ရဲ့ ထူးခြားလှပတဲ့ အရောင်စနစ်တွေဟာ အံ့မခန်း တည်ရှိနေတာကို လက်တွေ့သိရှိလာပါလိမ့်မယ်။


ပုံ ( ၅၃ )



# Level Window


အလင်း အမှောင်နဲ့ အရောင်ချိန်ညှိ စနစ်တွေထဲက Level Window အကြောင်းပါ။ Menu bar က Image ကို ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၅၈ )



Adjustments ရွေးပြီး Levels ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက် နှိပ်လိုက်မယ်ဆိုရင် Level dialog box ကလေးကို Photoshop မှာ မြင်တွေ့ရပြီပေါ့။

ပုံ ( ၅၉ )



Levels dialog box မှာမြင်တွေ့နေရတဲ့ အနက်ရောင် တြိဂံတုံးကလေးဟာ အရိပ်(shadows) ကို ကိုယ်စားပြုထားခြင်းဖြစ်ပါသည်။

အလယ်က မီးခိုးရောင်တုံးကလေးသည် midtones (သို့မဟုတ်)gamma ကို ကိုယ်စားပြုပြီးတော့၊ ညာဘက်က အဖြူရောင်တုံးကလေးသည် highlights ကို ကိုယ်စားပြု ကြောင်းကို ဖော်ပြပေးထားပါသည်။

ကျွန်တော်တို့ ရွေးချယ်ဖွင့်လှစ်ထားတဲ့ပုံမှာ အရောင်များစွာရှိနေမယ်ဆိုရင်တော့ histogram တွင် အပြည့်အဝပြနေပါလိမ့်မည်။Levels dialog box အတွင်းက ဘယ်ဘက်မှာ ရှိနေတဲ့ အနက်ရောင်တြိဂံတုံးကို ညာဖက်သို့ ဖိဆွဲယူကြည့်ပါ။

histogram သည် Black color သို့ စတင်ပြောင်းနေကြောင်းကို ညွှန်ပြပါလိမ့်မည်။ ထိုသို့ ဆွဲယူကြည့်သည့်အခိုက်တွင် Input Levels: တွင် တန်ဖိုးများ ပြောင်းလဲလာသည်ကို လည်း မြင်ရပါဦးမည်။


နောက်တစ်ခါ ကျွန်တော်တို့ ဘယ်ဘက်မှာရှိနေတဲ့ တြိဂံတုံးကလေးကို အမြင့်ဆုံးဆွဲယူကြည့်လိုက်ပါက အမှောင်တန်ဖိုးသည်လည်း အနက်ရောင်နီးပါးပြောင်းလဲသွားသည်ကို တွေ့ရပါလိမ့်မည်။

Input Levels : တွင်လည်း တန်ဖိုးများထည့်သွင်း၍ ပြောင်းလဲနိုင်ပါသည်။ ညာဘက်တြိဂံတုံးကို ဘယ်ဘက်သို့ဆွဲယူကြည့်ပါ။ အလင်းရောင်များတိုးလာသည်ကို တွေ့ရပါဦးမည်။ Input Levels:တွင်လည်း တန်ဖိုးများပြောင်းလဲသွားပါလိမ့်မည်။

အလယ်က တြိဂံတုံးကို ဘယ်ဘက်သို့ အနည်းငယ်ဆွဲယူကြည့်ပါဦး။ Midtonesသည် အနည်းငယ်ပို၍ လင်းလက်လာပါလိမ့်မည်။

ကျွန်တော်တို့ စိတ်ကြိုက် ချိန်ညှိပြီးရင်တော့ ok မှာ ကလစ်တစ်ချက်နှိပ်လိုက်ပေါ့။

ပုံ ( ၅၉ )



## Shadow/Highlight Window


အလင်းအမှောင်နဲ့ အရောင်ချိန်ညှိစနစ်တွေထဲက Shadow/Highlightအကြောင်းပါ။ Menu bar က Image ကို ကလစ်တစ်ချက်နှိပ်ပါ။Adjustments ရွေးပြီး Shadow/Highlight ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၆၀ )



Shadow/Highlight dialog box ကလေးကို Photoshop မှာ မြင်တွေ့ရပြီပေါ့။

ပုံ ( ၆၁ )



Shadow/Highlight ကာလာ ချိန်ညှိစနစ်လေးကတော့ ရိုးရှင်းလွယ်ကူပါတယ်။ Shadow/Highlight dialog box အတွင်းက Highlight Slider နဲ့ Shadow Slider ကို mouse နဲ့ဖိပြီး ဆွဲယူကြည့်ကာ ကျွန်တော်တို့ရဲ့ အမြင်မှာ ကြည့်လို့ကောင်းပြီဟု ထင်ရသည့် အနေအထားမျိုးရောက်အောင် ချိန်ညှိနိုင်ပါတယ်။

Shadow နဲ့ Highlight ကို သင့်တင့်မျှတသော အရောင်စနစ်တစ်ခုကို ရရှိပြီဆိုမှ OK ကို ကလစ်တစ်ချက်နှိပ်လိုက်ရုံပါပဲ။

Shadow နဲ့ Slider တုံးကလေးကို ဘယ်ညာရွှေ့ကြည့်ပါ။ Highlight ရဲ့ Slider တုံးကလေးကိုလည်း ဘယ်ညာရွှေ့ကြည့်ပြီး လိုသလို ချိန်ညှိနိုင်ပါတယ်။

ကျွန်တော်တို့ စိတ်ကြိုက် ချိန်ညှိပြီးရင်တော့ ok မှာ ကလစ်တစ်ချက်နှိပ်လိုက်ပေါ့။

ပုံ ( ၆၂ )



# Files တွေကို ဘယ်လိုသိမ်းမလဲ

Photoshop မှာ Files တွေကို သိမ်းတဲ့အကြောင်းကတော့ အရေးကြီးသော အရာတစ်ခုပါ။

ကျွန်တော်တို့ ဖန်တီး လုပ်ဆောင်ခဲ့သမျှ File တွေကို အကြောင်းတစ်ခုခုကြောင့် ဆက်မလုပ်ဖြစ်သေးဘူးဆိုရင် နောက်တစ်ခါပြန်လုပ်တဲ့ အခါမှာ အရင်ပြုလုပ်ခဲ့တဲ့ ပုံစံလေးအတိုင်း ဆက်လက်အသုံးပြုနိုင်ဖို့ကအရေးကြီးလှပါတယ်။

ဒါကြောင့် Photoshopကို စတင်လေ့လာသူတို့အတွက်ရည်ရွယ်ပြီး ဒီသင်ခန်းစာလေးကို တင်ပြပေးလိုက်ခြင်းဘဲဖြစ်ပါတယ်။

Photoshop မှာ File > openမှ တဆင့် File အဟောင်းတစ်ခုကို ဖွင့်ပြီးပြုပြင်မယ် (သို့မဟုတ်) File အသစ်တစ်ခုကို ဖွင့်ပြီး ဒီဇိုင်းတွေဖန်တီးမယ်၊ ပြီးရင်ကိုယ်ပြုလုပ်နေတဲ့File လေးကို ကွန်ပျူတာရဲ့ hard drive ထဲမှာ ပုံစံတစ်ခုနဲ့ သိမ်းထားရပါမယ်။

ဒီလိုသိမ်းထားတဲ့နေရာမှာ အလွယ်ကူဆုံးနဲ့ အရိုးရှင်းဆုံး အကြောင်းအရာနှစ်ခုရှိပါတယ်။ အဲဒီနှစ်ခုကတော့ (* PSD) Format နဲ့ သိမ်းခြင်းနဲ့ (JPEG) Format နဲ့ သိမ်းခြင်းဆိုတာ ရှိပါတယ်။

ဒီနှစ်ခုကိုနားလည််ရင် Photoshop ကို စတင်လေ့လာသူတွေအတွက် တော်တော်အစဉ်ပြေသွားမှာပါ။

ပုံ ( ၆၃ )



မြင်နေရတဲ့ Image File လေးကို Menu bar မှ Adjustment ထဲက အရောင်ချိန်ညှိစနစ်တစ်ခု ခုနဲ့ အလင်းအမှောင်နဲ့ အရောင်တွေကို ကြိုက်သလောက်ချိန်ညှိပါ။


စိတ်ကြိုက်ချိန်ညှိပြီးရင် ချိန်ညှိပြီးတဲ့ Image File လေးကို ဘယ်လို ပြန်သိမ်းမလဲ။ နဂိုမူလ သူ့နံမည်နဲ့ သူ့နေရာမှာဘဲ သိမ်းထားမှာလား၊ နံမည်အသစ်နဲ့ သိမ်းထားမှာလား။

နဂိုမူလ သူ့နံမည်နဲ့ သူ့နေရာမှာဘဲ သိမ်းထားမယ်ဆိုရင်တော့၊ Menu bar က File ကို ကလစ်တစ်ချက် နှိပ်ပါ။

Save ကိုထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ရင် အရောင်တွေချိန်ညှိထားတဲ့ Image File လေးဟာ နဂိုမူလ သူ့နေရာကို ရောက်ရှိသွားပါလိမ့်မယ်။

Save ကိုရွေးချယ်လိုက်တဲ့အခါမှာ JPEG options box လေးကျလာမယ်ဆိုရင်လည်း ok မှာ ကလစ်တစ်ချက်နှိပ်လိုက်ရင် အစဉ်ပြေသွားပြီပေါ့။

ပုံ ( ၆၄ )



ပုံ ( ၆၅ )




သည်နေရာမှာ ရှင်းရှင်းလေး သဘောပေါက်ထားရမှာကတော့ Layers palette မှာFile တစ်ခုဟာ Background အမည်နဲ့ အလွှာတစ်လွှာပဲရှိနေသမျှတော့ File ထဲက Saveကိုရွေးချယ်လိုက်ရင် သူ့နေရာမှာဘဲ သိမ်းထားပေးခြင်းဖြစ်ပါတယ်။

နောက်ထပ် ကျွန်တော်တို့ File အဟောင်းကိုဖြစ်စေ၊ File အသစ်ကိုဖြစ်စေ ပုံတွေကိုပြုပြင် မယ်၊ ဒီဇိုင်းတွေဖန်တီးမယ်၊ နောက်ပြီး Layer Palette မှာလည်း တစ်လွှာထက်ပါတဲ့ အလွှာတွေရှိလာမယ်။ကျွန်တော်တို့လက်ရှိပြုလုပ်နေတဲ့File လေးကို အချိန်မရွေး ပြန်လည်ပြုပြင်လို့ရအောင် သိမ်းထားမယ်ဆိုရင်တော့ Menu bar မှ File ကို ကလစ်တစ်ချက်နှိပ်ပါ။Save As ကို ထပ်မံရွေးချယ်ပြီးကလစ် တစ်ချက်နှိပ်ပါ။


သည်နေရာမှ တစ်ခုပြောပြချင်ပါသေးတယ်။ စတင်လေ့လာသူတို့ခေါင်းမစားရအောင် သိထားရမှာက Layerspalette မှာ အလွှာတစ်လွှာထက် ပိုလာပြီဆိုရင် File ထဲက Save ကိုဘဲရွေးရွေး၊ Save As ကိုဘဲရွေးရွေး အသုံးပြုနေတဲ့ File လေးကို ဘယ်လိုပုံစံနဲ့ သိမ်းမလဲဆိုတဲ့ Save As box ကလေးကျလာပါလိမ့်မယ်။

အဲဒီ Save As boxလေးကျလာရင် ဘယ် Format နဲ့သိမ်းမှာလဲဆိုတာက အရေးကြီးသွားပါပြီ။

Save As box ကလေးရဲ့ Format: ဆိုတဲ့ နေရာ ကလေးကိုကြည့်ပါ။ သူ့ရဲ့ဘေး

မှာ လေးထောင့်ကွက်ကလေးရှိပါတယ်။ လေးထောင့်ကွက်ကလေးရဲ့ အစွန်ဆုံးက မျှားခေါင်းပုံလေးကို ကလစ်တစ်ချက်နှိပ်လိုက်ရင် ကိုယ်သိမ်းမယ့် File ကို ဘယ်လို Format နဲ့ သိမ်းမှာလဲ ဆိုတဲ့ Format List တွေ ပေါ်လာပါပြီ။

ပုံ ( ၆၆ )




အဲဒီအခါမှာ ကျွန်တော်တို့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါနဲ့၊ သည်Format တွေထဲက format နှစ်ခုအကြောင်းကို သိရင်ဘဲ စတင်လေ့လာသူတို့အတွက် တော်တော်အစဉ် ပြေသွားမှာပါ။

Format နှစ်ခုအကြောင်းကို အလွယ်ကူဆုံး နားလည်အောင်ရှင်းပြပါ့မယ်။

(၁) Photoshop (* PSD * PDD)

(၂) JPEG (*JPG * JPEG * JPE) ဆိုတဲ့ Format နှစ်ခုပါ။

## Photoshop (* PSD * PDD)

Adobe ရဲ့ နည်းပညာ ရပ်ဝန်း တစ်ခုဖြစ်တဲ့ Postscriptက ဆင်းသက် လာခဲ့ခြင်း ဖြစ်ပါတယ်။

Encrapsulated Past Script (Eps) ပါ။tex နဲ့ graphics တွေရောနှောပြီး ပါဝင်နိုင်ပါတယ်။

Photoshop (* PSD * PDD) Format ကိုရွေးချယ်ပြီး Save ပြုလုပ်ခြင်းဟာ မိမိပြုလုပ်နေတဲ့ Design File တစ်ခုရဲ့ Layers ဆိုတဲ့ အလွှာတွေဟာ ပြန်လည်ဖွင့်လှစ်ပြီး အသုံးပြုတဲ့ အခါမှာလည်း Layers palette မှာလည်း သူ့အစီအစဉ်အတိုင်း တည်ရှိနေခြင်းကPhotoshop (* PSD * PDD) Format ရဲ့ ထူးခြားတဲ့ စွမ်းဆောင်ပေးနိုင်မှုပါ။

Layers တွေဟာ သူ့အစီအစဉ်တိုင်းရှိနေတဲ့အတွက် ကျွန်တော်တို့ရဲ့ Design File လေးကိုအချိန်မရွေးပြန်လည်ပြုပြင်လို့ရတာပေါ့။

ဒါဆိုရင် Format Menu ထဲက Photoshop (* PSD * PDD) Format ကိုရွေးချယ်လိုက်ပါပြီ။

File name: ဆိုတဲ့နေရာမှာ နံမည်အသစ်တစ်ခု ရိုက်ထည့်လိုက်ပါဦး၊ နမူနာအနေနဲ့ Baby Image လို့ ရိုက်ထည့်လိုက်ပါမယ်။

ပြီးရင် Save လုပ်လို့မဖြစ်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ File လေးကို ပြန်အသုံးပြုချင်ရင် ရှာရခက်နေမှာပေါ့။

ဒါကြောင့် File တွေကို သိမ်းတဲ့အခါမှာဘယ်လို Format နဲ့ဘဲသိမ်းသိမ်း ကိုယ်သိမ်းထားတဲ့နေရာကိုတော့ သိဖို့လိုပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ File လေးကို DATA (D:) ထဲမှာဘဲ သိမ်းပါမယ်။

Computer > DATA (D:) ကို တဆင့်ခြင်း ကလစ်တစ်ချက်စီနှိပ်ပြီးဖွင့်ပါမယ်။ ပြီးရင် Saveကိုကလစ်တစ်ချက်နှိပ်လိုက်ရင် ကျွန်တော်တို့ရဲ့ Baby Image လေးဟာ Photoshop (* PSD * PDD)Format နဲ့သိမ်းပြီးသွားပြီပေါ့။

## JPEG (*JPG *JPEG *JPE)

JPEG & Format အမှန်က JFIF (JPEG FILE Interchange Format)ပါ။ ဒါပေမဲ့ JPEGဆိုတဲ့အမည်နဲ့ဘဲ တွင်ကျယ်လာခဲ့ပါတယ်။

သူက Transparency ကိုတော့ support မလုပ်ပါဘူး။ File တစ်ခုကို JPEG Format ပြောင်းချင်ရင် အဲဒီ File ကိုဖွင့်ပြီး Save As နဲ့ ပြန်သိမ်းပေးလိုက်ရုံပါပဲ။

File Type မှာတော့ JPG ပေးလိုက်ရင် အစဉ်ပြေသွားပါပြီ။

ကျွန်တော်တို့ လက်ရှိအသုံးပြုနေတဲ့ File လေးဟာ Layers palette မှာ အလွှာတစ်ခု (သို့မဟုတ်) အလွှာတစ်ခုထက်ပိုတဲ့ အလွှာတွေနဲ့ဘဲရှိရှိ ၊သည် File လေးကို သိမ်းဖို့အတွက် File ထဲက Save As ကိုရွေးပြီး ကလစ်တစ်ချက်နှိပ်လိုက်တာနဲ့ အထက်ကတင်ပြခဲ့တဲ့အတိုင်းဘဲ Save As box ကလေးကို မြင်ရမှာပါ။

Format Menu ထဲက JPEG (*JPG *JPEG *JPE) ကိုရွေးမယ်၊ File name: မှာ နံမည် အသစ်တစ်ခုရိုက်ထည့်မယ်။

My Computer ထဲက DATA (D:) ကို ရွေးချယ်ပြီးရင်တော့ Saveကို ကလစ်တစ်ချက်နှိပ်လိုက်ရပါမယ်။

ဒါဆိုရင် ထပ်မံပြီး JPEG options box ကလေးကျလာပါလိမ့်မယ်။

JPEG options dialog box မှာ ကျွန်တော်တို့သိမ်းမယ့် File ကို ဘယ်လို quality မျိုးနဲ့ သိမ်းချင်တယ် ဆိုတာကို စိတ်ကြိုက် ရွေးချယ်နိုင်ပါသေးတယ်။


Quality Menu လေးထောင့်ကွက်ထဲက မျှားခေါင်းကလေးကို ကလစ်တစ်ချက်နှိပ်လိုက်ရင် Low, Medium, High, Maximum ဆိုတဲ့ အမျိုးအစားလေးတွေ ရှိပါတယ်။

Low က quality အနိမ့်ဆုံးပါ။Maximumက အကောင်းဆုံးနဲ့ File Size အကြီးဆုံးပါ

ကျွန်တော်တို့ Maximum ကို ရွေးချယ်ပြီး ကလစ်တစ်ချက် နှိပ်ပါမယ်။ ဒါမှမဟုတ်ရင်တော့ Quality ဘေးက လေးထောင့်ကွက်ထဲမှာ (၁၂) လို့ရိုက်ထည့်ချင်ထည့်၊ အလျားလိုက်မျဉ်းကြောင်းလေးပေါ်ကSlider လေးကို ညာဖက်အစွန်ဆုံးကို ရွှေ့ပေးလိုက်လို့လည်းရပါတယ်

ပြီးရင်တော့ OK ကို ကလစ်တစ်ချက်နှိပ်လိုက်ရင် DATA (D:) မှာ ကျွန်တော်တို့ရဲ့File လေးကို သိမ်းပြီးသွားပြီပေါ့။

ပုံ ( ၆၇ )



## လိုင်စင်ဓါတ်ပုံလေးတွေ ပြုလုပ်ကြည့်မယ်

လိုင်စင်ဓါတ်ပုံလေးတွေပြုလုပ်ကြည့်မယ်ဆိုတဲ့ သင်ခန်းစာလေးကတော့ စတင်လေ့လာသူတို့အတွက် မိမိရဲ့မိသားစုတွေ၊ သူငယ်ချင်းတွေရဲ့ ဓါတ်ပုံလေးတွေကို မိမိကိုယ်တိုင် ပြုလုပ်ဖန်တီးပေးနိုင် အောင်တင်ပြပေးထားပါတယ်။

ဓါတ်ပုံဆိုင်တွေမှာ အများဆုံးသုံးတဲ့ လိုင်စင်ဓါတ်ပုံဆိုဒ်တွေကတော့

(1) 1.1" X 1.3"

(2) 1.2" X 1.4"

(3) 1.3" X 1.6"

(4) 1.4" X 1.7" Size တို့ကို အများဆုံး အသုံးပြုကြပါတယ်။

ကျွန်တော်တို့ 1.1" X 1.3" အရွယ် လိုင်စင်ဓါတ်ပုံလေးကိုပြုလုပ်ကြည့်ရအောင်၊ ဒီလိုပြုလုပ်ဖို့အတွက် ကွန်ပျူတာရဲ့ harddrive ထဲမှာ ကျွန်တော်တို့ပြုလုပ်မယ့် Image File တစ်ခုတော့ ရှိနေဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့ ပြုလုပ်မယ့် Image File ကို Menu bar မှာရှိတဲ့ File > open မှ တဆင့် Photoshop မှာ ဖွင့်ချလိုက်ပါ။


Photoshop မှာ မြင်နေရတဲ့ Image Fileရဲ့ အပြာရောင် ဘောင်ကလေးကို မြင်ကွင်းမှ ခေတ္တဖယ်ထုတ်လိုက်ပါ။ ဒီလိုဖယ်ထုတ်ဖို့အတွက် အပြာရောင်ဘောင်ကလေးက Maximize ကို ကလစ် တစ်ချက် နှိပ်လိုက်ပါ။

ပုံ ( ၆၈ )



Tool box ထဲက Croptool ကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်ပါ။

ပုံ ( ၆၉ )




Tool options bar မှာ လိုအပ်သည့် Settings များကို သတ်မှတ်ပါ။

Tool options bar ရဲ့ width: မှာ 1.1 in နဲ့ height 1.3 in နဲ့ Resolution: မှာ 300 လို့ရိုက် ထည့်လိုက်ပါ။

ပုံ ( ၇၀ )

Tool options bar



Croptool ကို Image File ရဲ့ အပေါ်ဘက်ထောင့်ဆီမှ အောက်ဖက်သို့ထောင့်ဖျက်အတိုင်းဆွဲချကာ မောက်စ်ကိုလွှတ်လိုက်ပါ။

အစက်ရာလေးတွေပြေးနေတဲ့ Selections aera တစ်ခုကို မြင်တွေ့ရပါလိမ့်မယ်။ Selections area ဟာ ကျွန်တော်တို့ အသုံးပြုမယ့် area ပါ။

ဒါကြောင့် ဒီ area လေးကို လိုင်စင်ဓါတ်ပုံအဖြစ် အချိုးအစားကျနစွာပြင်ဆင်ရပါမယ်။ Selectionss area ရဲ့ ထောင့်တည့်တည့်ပေါ်မှာ mouse pointer လေးရောက်တိုင်းနှစ်ဖက်ဦး ရှိတဲ့ ( ) မြှားခေါင်းပုံကလေးပေါ်လာပါလိမ့်မယ်။

မြှားခေါင်းကလေးကို mouse နဲ့ဖိဆွဲပြီး လိုအပ် သလို ချဲ့နိုင်ချုံ့နိုင်ပါတယ်။Keyboard က Arrow key လေးတွေနဲ့လည်း Selections area တစ်ခုလုံးကိုအပေါ်၊ အောက်၊ ဘေး လိုအပ်သလို ချိန်ညှိနိုင်သလို Selections area ရဲ့ အလယ်တည့်တည့်ကို mouse နဲ့ဖိဆွဲပြီး ချိန် ညှိနိုင်ပါသေးတယ်။

ပုံ (၇၁)



ပုံ (၇၂)




အချိုးအစားကျနစွာ ချိန်ညှိပြီးရင်တော့ keyboard က Enter key ကိုတစ်ချက်နှိပ်လိုက်ရင် ကျွန်တော်တို့အသုံးပြုနေတဲ့ Image File လေးဟာ 1.1" X 1.3" size ဖြတ်ပြီး လိုင်စင်ဓါတ်ပုံလေးဖြစ်သွားပါပြီ။

1.1" X 1.3" size ဖြတ်ပြီး လိုင်စင်ဓါတ်ပုံလေးကို4" X 6" အရွယ် File New ထဲမှာ စီထည့်ကြည့်ရအောင်။


ဒီလိုစီထည့်ဖို့အတွက် (1) Image ထဲက Canvas Size
(2) Edit ထဲက Define Pattern
(3) File ထဲက New
(4) Edit ထဲက Fill တိုတို့ကိုအသုံးအသုံးပြုရပါမယ်။

Menu bar မှာရှိတဲ့ Image ကို ကလစ်တစ်ချက်နှိပ်ပြီး Canvas Size ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၂၈ )



ပုံ ( ၂၉ )



Canvas Size Dialog box ကို Photoshop မှာ မြင်ရပါလိမ့်မယ်။ Canvas Size box မှာ ကျွန်တော် တို့ 1.1" x 1.3" Size ဖြတ်တောက်ထားတဲ့ လိုင်စင် ဓါတ်ပုံလေးကို 4"X 6" Size File Newထဲကို စီထည့်တဲ့ အခါမှာ တစ်ပုံနဲ့ တစ်ပုံရဲ့ အကွာအဝေးဘယ်လောက်ခြားထားမယ်ဆိုတာကို Width: နဲ့ Height မှာ ရိုက်ထည့်လို့ရပါတယ်။

ရိုက်ထည့်လိုက်တဲ့ လိုင်စင်ဓါတ်ပုံလေးရဲ့ ပတ်လည်အနားကို အရောင်နဲ့လည်းဖော်ပြလို့ ရပါတယ်။


Canvas Size box ရဲ့ Canvas extension color: မှာ သွားရောက် ရွေးချယ်နိုင်ပါတယ်။

Canvas extension color: ရဲ့လေးထောင့်ကွက်လေးထဲက မျှားခေါင်းပုံလေးကိုကလစ်တစ်ချက်နှိပ်လိုက်ရင်


Foreground
Backgroung
white
Black
Gray

Other ဆိုတဲ့ List လေးမှာ ရွေးချယ်နိုင်ပြီး မိမိစိတ်ကြိုက်အရောင်တွေကိုသုံး ချင်ရင်တော့ other ကို ကလစ်တစ်ချက်နှိပ်ပါလိုက်ရင် Select Canvas extension color: ဆိုတဲ့ color box ကလေးထပ်မံပေါ်လာပါလိမ့်မယ်။

ပုံ ( ၃၅ )



ပုံ ( ၇၆ )




ကြိုက်နှစ်သက်ရာ အရောင်တွေဆီမှာ ကလစ်တစ်ချက်နှိပ်ပြီး ပြောင်းလဲ ရွေးချယ်နိုင်ပါတယ်။

နမူနာ အနေနဲ့ကတော့ Canvas extension color: မှာ white ကိုဘဲရွေးချယ်လိုက်ရအောင်ပါ။

ပြီးရင် Relative ရဲ့ လေးထောင့်ကွက်ကလေးထဲကို ကလစ်တစ်ချက်နှိပ်ပြီး အမှန်ခြစ်အစိမ်းရောင်ကလေးကိုရယူပါ။

Relative မှာအစိမ်းရောင်အမှန်ခြစ်ကလေးဖြစ်သွားပြီဆိုရင်

Width: မှာ 0.2


Height မှာ 0.2

OK မှာ ကလစ်တစ်ချက် နှိပ်လိုက်ရင် 1.1" X 1.3" Size လိုင်စင် ဓါတ်ပုံလေးရဲ့ အနားပတ်လည်မှာ အဖြူရောင်ဘောင်ကလေးနဲ့ဖြစ်သွားပြီပေါ့။

Menu bar မှ Edit ကို ကလစ်တစ်ချက်နှိပ်ပါ။ Define pattern ကို ထပ်မံရွေးချယ်ပြီး ကလစ် တစ်ချက်နှိပ်လိုက်ပါ။

Pattern Name box ကလေးပေါ်လာပါလိမ့်မည်။Name: မှာ အမည်တစ်ခုရိုက်ထည့်ပြီး OKမှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၇၇ )




ပုံ ( ၇၈ )





4" X 6" Size File New ကိုရယူဖို့အတွက် Menu bar မှ File ကို ကလစ်တစ်ချက်နှိပ်ပြီး New ကို ထပ်မံရွေးချယ်ပြီးနှိပ်ပါ။

New box ကလေးပေါ်လာရင် ပုံမှာ ပြထားတဲ့အတိုင်း မှန်ကန်စွာ ရိုက်ထည့်ပြီး OK မှာ ကလစ် တစ်ချက်နှိပ်လိုက်ရင် 4 " X 6" Size File New ကို Background အဖြူရောင်နဲ့ မြင်ရပြီပေါ့။

ပုံ ( ၂၉ )




ပုံ ( ၃၀ )




ပုံ ( ၃၁ )

4 " X 6" Size File New




ဆက်လက်ပြီးတော့ Menu bar မှ Editကို ကလစ်တစ်ချက်နှိပ်ပါ။ Fillကို ထပ်မံ ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။ Fill box ကလေးကျလာပါလိမ့်မယ်။

ပုံ (၈၂)



ပုံ (၈၃)




Fill boxရဲ့ Use : မှာ Pattern ဖြစ်နေပါစေ။ ဒါမှမဟုတ်ရင်တော့ Use : Menu ရဲ့လေးထောင့် ကွက်ထဲက မြှားခေါင်းကလေးကို ကလစ်တစ်ချက်နှိပ်လိုက်ပြီး Pattern ကို ရွေးချယ်ရယူပါ။

Castom pattem ရဲ့ လေးထောင့်ကွက်လေးထဲမှာရော ကျွန်တော်တို့ ပြုလုပ်နေတဲ့ လိုင်စင်ပုံလေးကို ဖော်ပြနေပါသလား။

မဖော်ပြဘူးဆိုရင်တော့ Castom Pattern:ရဲ့ လေးထောင့်ကွက်ကလေးထဲက မြှားခေါင်းကလေးကို ရှာပြီး ကလစ်တစ်ချက်နှိပ်ကာ ရွေးချယ်လိုက်ပါ။

ပုံ ( ၈၄ )




OK မှာ ကလစ်တစ်ချက်နှိပ်လိုက်ရင် 4 " X 6" Size File New ထဲမှာ1.1" X 1.3" Size လိုင်စင်ဓါတ်ပုံလေးတွေဟာ အစီအစဉ်တကျ ရောက်ရှိနေတာကိုတွေ့ရပါလိမ့်မယ်။

ပုံ ( ၈၅ )



ကျွန်တော်တို့နောက်ထပ် 1.4" x 1.7" Size လိုင်စင်ဓါတ်ပုံလေးကို ထပ်မံပြုလုပ်ကြည့်ရအောင်ပါ။


(1) File > Open မှတဆင့် Image File တစ်ခုကိုဖွင့်ပါ။

ပုံ ( ၈၆ )




(2) Tool box မှ Croptool ကို ရွေးချယ်ပါ။

ပုံ ( ၈၇ )



(3) tool options bar ရဲ့ Width: မှာ 1.4 in နဲ့ Height : မှာ 1.7 in Resolution: မှာ 300 ရိုက်ထည့်လိုက်ပါ။

ပုံ ( ၈၈ )



(4) Image File ရဲ့ အပေါ်ဘက်ထောင့်ဆီမှာ Croptool ကိုတင်ပြီး အောက်ဖက်သို့ ထောင့်ဖြတ်အတိုင်း ဖိဆွဲလာပြီး mouse ကို လွှတ်လိုက်ပါ။

(5) အနေအထားမှန်ကန်စွာ အချိုးအစားကျဖို့အတွက် အစက်ရာလေးတွေပြေးနေတဲ့ Selectionarea ရဲ့ ထောင့်များမှ ချုံ့ခြင်း၊ ချဲ့ခြင်းများပြုလုပ်ပါ။ Keyboard မှ Arrow key များနဲ့လည်း ချိန်ညှိပါ။

(6) စိတ်ကြိုက်ဖြစ်ရင်တော့ OK မှာကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၈၉ )




ပုံ ( ၉၀ )



(7) Menu bar မှ Image ကို ကလစ်တစ်ချက်နှိပ်ကာ Canvas Site ကို တပ်မံရွေး ချယ်ပြီးကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၉၁ )




(8) Canvas Size box ကလေးပေါ်လာရင်

Witth : မှာ 0.6

Height : မှာ 0.3 ရိုက်ထည့်ပြီး

Relative မှာ ☑Relative အမှန်ခြစ်ကလေးပေးပါ။

anchor: ကျောက်ဆူးပုံ ပတ်ပတ်လည်ရဲ့ အလယ်က အဖြူရောင်လေးထောင့်ကွက်လေး ဟာ အလယ်မှာပဲရှိပါစေ။

ဘေး(သို့)ထောင့်တစ်နေရာရာမှာရှိနေရင်လည်း အလယ်ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

Canvas extension color: မှာတော့ white ကိုဘဲ ရွေးချယ်ပါ။

(9)အားလုံးပြီးရင်တော့ OK ကို ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၉၁ )



(10) Menu bar မှ Edit ကိုကလစ်တစ်ချက်နှိပ်ပါ။ Define Pattern ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

(11) Pattern box ကလေးပေါ်လာရင် Name: မှာ အမည်တစ်ခုရိုက်ထည့်ပြီး OK ကို ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၉၂ )




(12) Menu bar File ကိုကလစ်တစ်ချက်နှိပ်ပြီး New ကိုထပ်မံ ကလစ်တစ်ချက်နှိပ်လိုက်ပါ။

(13) New box ကလေးပေါ် လာပါလိမ့်မည်၊ ပုံမှာမြင်တွေ့ရတဲ့အတိုင်း မှန်ကန်စွာဖြည့်ပါ။


ပြီးရင်တော့ OK မှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၉၃ )




ပုံ ( ၉၄ )


File New 6x4 size




(14) Menubar မှ Edit ကို ကလစ်တစ်ချက်နှိပ်ပါ။Fill ကိုထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက် နှိပ်ပါ။

(15) Fill boxကလေးကျလာရင်တော့ Use: မှာ Patternအဖြစ်ရှိနေပါစေ၊Custom Pattern: မှာ ကျွန်တော်တို့ ပြုလုပ်နေတဲ့ Image File လေးကိုမြင်နေရပါစေ။မမြင်ရရင် တော့ Custom Pattern ရဲ့ မျှားခေါင်းကလေးကို တစ်ချက်နှိပ်ပြီးရွေးချယ်ရယူပါ။

ပုံ ( ၉၅ )




ပုံ ( ၉၆ )



(16) Ok ကို ကလစ်တစ်ချက်နှိပ်လိုက်တာနဲ့ 1.4" x 1.7" Size လိုင်စင် ဓါတ်ပုံလေးတွေဟာ 6"x4" Size New ပေါ်မှာ အကွာအဝေးတူညီစွာနဲ့ ရောက်ရှိနေပါလိမ့်မယ်။

ပုံ ( ၉၇ )



နောက်ထပ် ကျန်သေးတဲ့ လိုင်စင်ပုံလေးတွေကို အထက်ပါနည်းအတိုင်း ပြုလုပ်နိုင်ပြီး Canvas Size မှာလည်း အစဉ်သင့်ရိုက်ထည့်နိုင်အောင် သူ့ Sizeနဲ့ သူ့အကွာဝေးတွေကို ဖော်ပြပေးလိုက်ပါတယ်။

| ပြုလုပ်မည့်လိုင်စင် ဓါတ်ပုံ | Canvas Size | File New Size |
|---|---|---|
| 1.1 x 1.3" | Width: 0.2<br>Height: 0.2 | 4" x 6" |
| 1.2 x 1.4" | Width: 0.3<br>Height: 0.6 | 6" x 4" |
| 1.4 x 1.7" | Width: 0.6<br>Height: 0.3 | 6" x 4" |
| $1\frac{1}{2}$ x 2" | Width: 0.65<br>Height: 0.8 | 4" x 6" |

# Tool Box ထဲက Pentools

Tool box ထဲက Pentool သည်လည်း ကျွန်တော်တို့အတွက် မရှိမဖြစ် မသုံးမဖြစ် အဖော်မွန်တစ်ခုပါ။

ကင်မရာနဲ့ ကျွန်တော်တို့ ရိုက်ထားသမျှ ဓါတ်ပုံတွေကို နောက်ခံ background အသစ်တွေနဲ့ အစားထိုး ပြုပြင်ချင်တဲ့အခါမှာလည်း Tool box ထဲကPentool လေးကို အသုံးပြုပြီး Path လမ်းကြောင်းလေးပေးကာ background အဟောင်းတွေကို ဖယ်ထုတ်လို့ရသလိုဒီဇိုင်းနဲ့ ပက်သက်တဲ့ Image File တွေထဲက ဥပမာ-ပန်းပွင့်ပုံလေးကိုပဲ ရွေးယူချင်တယ် ဒါမှမဟုတ် ပန်းသီးပုံလေးကိုပဲ ရွေးယူချင်တယ်၊ ဘာကိုဘဲဖြစ်ဖြစ် ကိုယ်ရွေးချယ်ယူချင်တဲ့ Image တစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းရဲ့ ဧရိယာလေးကို Pentool နဲ့ Path လမ်းကြောင်းလေးပေးကာရွေးချယ်ရယူနိုင်ပါတယ်။

Pentool နဲ့ လိုင်းဖြောင့်များ၊ မျဉ်းကွေးများ၊ အကွေ့အဝိုက်များကို အနုစိတ်ပုံဖော်ပြီး ရယူနိုင်ပါတယ်။

စတင် လေ့လာသူတို့ အနေနဲ့ Pentool ကိုအသုံးပြုရာမှာ စိတ်ရှည်စွာနဲ့ လေ့ကျင့်ပေးနိုင်ဖို့တော့ အထူးလိုအပ်လှပါတယ်။

Pentool ကိုအသုံးပြုပြီး လေ့ကျင့်ဖို့အတွက် File> Open မှတစ်ဆင့် ပန်းပွင့်ပုံလေးတစ်ပုံကို Photoshop မှာအရင်ဦးဆုံးဖွင့်ထားပြီး နမူနာအဖြစ် လေ့ကျင့်ကြရအောင်။


ပုံ ( ၉၈ )



Photoshop မှာ ပန်းပွင့်ပုံလေး ရောက်ရှိနေပြီဆိုရင် ပန်းပွင့်ပုံ Image Fileလေးရဲ့ အပြာရောင်ဘောင်လေးကို မြင်ကွင်းက ခေတ္တဖယ်ထုတ်ထားလိုက်ပါဦး။


ဒါမှ Pentoolကို သုံးရတာလွတ်လပ်မှု ရှိမှာပေါ့၊ အပြာရောင်ဘောင်လေးရဲ့ maximize လေးကို ကလစ်တစ်ချက်နှိပ်လိုက်ရင် အပြာရောင်ဘောင်လေးဟာ မြင်ကွင်းကနေခေတ္တပျောက်သွားပြီပေါ့။

ပုံ ( ၉၉ )



Tool box ထဲ ၈ Pentool ကို ကလစ်တစ်ချက်နှိပ်ပြီးရွေးချယ်လိုက်ရအောင်၊ ဒါမှမဟုတ်ရင်တော့ keyboard က (P)ကို နှိပ် ခြင်းဖြင့်လည်း ရွေးချယ်နိုင်ပါသေးတယ်။


ပုံ ( ၁၀၀ )



Pentool ကို ရွေးချယ်ပြီးတာနဲ့ tool options bar ပေါ်က Setting များကို ပုံမှာဖော်ပြထားတဲ့အတိုင်း ပြောင်းလဲပေးရပါဦးမယ်။

ပုံ ( ၁၀၁ )

tool options bar



ပန်းပွင့်ပုံလေးဟာ ကျွန်တော်တို့ မြင်ကွင်းမှာ သေးနေမယ်ဆိုရင် Pentool သုံးရတဲ့အခါမှာ path လမ်းကြောင်းကို ရှင်းရှင်းလင်းလင်းမြင်ရမှာမဟုတ်ပါဘူး။

ဒါကြောင့် Key board က Ctrl key လေးကိုဖိထားပြီးတစ်ဖက်က (+) key လေးကို တစ်ချက်ခြင်းနှိပ်လိုက်ပါ။ ဒါဆိုရင်ပန်းပွင့်ပုံလေးဟာကျွန်တော်တို့ မြင်ကွင်းမှာကျယ်လာတာကို တွေ့ရပြီပေါ့။

ဒီလိုပဲ ပန်းပွင့်ပုံလေးကို မြင်ကွင်းက သေးချင်တယ်ဆိုရင်တော့ keyboard က Ctrl key လေးကိုဖိထားပြီး တစ်ဖက်က (-) key လေးကိုတစ်ချက်ခြင်းနှိပ်လိုက်မယ်ဆိုရင်ပန်းပွင့်ပုံလေးဟာ မြင်ကွင်းကနေ တဖြည်းဖြည်းသေးသွားတာကိုတွေ့ရမှာပေါ့။

ပုံ ( ၁၀၂ )



နောက်ပြီး ကျွန်တော်တို့မြင်နေရတဲ့ မြင်ကွင်းကျယ်ကို ဟိုဖက်၊ဒီဖက်။ အပေါ်၊အောက်ရွှေ့ပြီး ကြည့်ချင်သေးတယ်ဆိုရင် အလွယ်ကူဆုံးကတော့ keyboard က spacebar လေးကို လက် နဲ့ ဖိလိုက်ရင် mousepointer လေးဟာ လက်ဝါးပုံလေးဖြစ်သွားပါလိမ့်မယ်။

အဲဒီလက်ဝါးပုံလေးကိုပုံပေါ်မှာ ဖိဆွဲပြီး လိုချင်တဲ့ဘက်ကို ရွှေ့ပြောင်းကြည့်ရှုလို့ရပြီပေါ့။

နောက်တစ်ခုက Photoshop မှာ အလုပ်လုပ်တဲ့ အခါ မိမိပြုလုပ်လိုက်တဲ့အရာက မှားသွားလို့ဒါမှမဟုတ် လုပ်ပြီးမှ မလုပ်ချင်တော့လို့နောက်ပြန်တဲ့အခါမှာ keyboard က Ctrl+Z ကို သုံးလို့ရသလို Ctrl + Alt + Z ကိုလည်းသုံးလို့ရပါတယ်။

(1) Ctrl + (+) = မြင်ကွင်းကိုချဲ့ကြည့်ခြင်း
(2) Ctrl + (-) = မြင်ကွင်းကိုချုံ့ကြည့်ခြင်း
(3) Speedbar = မြင်ကွင်းကိုရွှေ့ပြောင်းကြည့်နိုင်ခြင်း
(4) Ctrl + Z = တစ်ကြိမ်အမှားကိုနောက်ပြန်ခြင်း၊ဖျက်ခြင်း
(5) Ctrl +Alt + Z = တစ်ကြိမ်ထက်ပိုသောအမှားကိုနောက်ပြန်ခြင်း
(6) Delete = Path လမ်းတစ်ခုလုံးကိုဖြတ်တောက်ခြင်း

သည်အကြောင်းအရာလေးတွေကို သိထားတဲ့အတွက် Pentool ကို သုံးရတဲ့အခါမှာ ပိုမိုလွယ်ကူချောမွေ့စေပါတယ်။

Pentool ကိုသုံးပြီး Path လမ်းကြောင်းလေး ပြုလုပ်တဲ့အခါမှာAlt key လေးကတော့ မပါရင်မဖြစ် ပါနေရအုံးမှာပါ။

Pentool ရဲ့ စမှတ်ကနေ ဆုံးမှတ် ရောက်တိုင်းမှာ Path လမ်းရဲ့ မျှားခေါင်းကလေးကို ဖြတ်တောက်ပစ်တဲ့အခါမှာ Alt key လေးကို ဖိထားပြီး Path လမ်းအဆုံး မျှားခေါင်းကလေးကို mouse နဲ့ ကလစ် တစ်ချက်နှိပ်ပြီး ဖြတ်တောက်ရပါတယ်။

Pentool ရဲ့ Path လမ်းကြောင်းလေးကို ပုံမှာ မြင်တွေ့ရတဲ့အတိုင်း သွားပါမယ်။စမှတ်နေရာမှ ကလစ်တစ်ချက်နှိပ်ပါမယ်။


mouse ကို မလွှတ်ပါနဲ့ဦး၊ဖိထားပါ။ စမှတ်နဲ့ဆုံးမှတ်ရဲ့ ကြားမှာ ကြိုးကလေးရှိနေပါလိမ့်မယ်။

သည်ကြိုးလေးဟာ Path လမ်းကြောင်းလေးပါ။ mouse ကိုမလွှတ်ဘဲဖိပြီး အပေါ်၊ အောက်၊ ဘေးကိုဖြည်းဖြည်းလေး လှုပ်ကြည့်ပါ။


(က) ပုံသဏ္ဍာန်ကွေးလို့ရသလို၊ (ခ)ပုံသဏ္ဍာန်လည်း ချိုင့်လို့ရပါတယ်။

ပုံ ( ၁၀၃ )

Path လမ်းကြောင်းပြုလုပ်ထားပုံ




ပုံ ( ၁၀၄ )



ပုံ ( ၁၀၅ )

Path လမ်းကြောင်း ပုံဖော်ခြင်းနဲ့ဖြတ်တောက်ခြင်း




mouse ကိုမလွှတ်မခြင်းဖိဆွဲပြီး ပန်းပွင့်ပုံလေးရဲ့အကွေ့အဝိုက်အတိုင်းနေရာချထားပါ။ ပန်းပွင့်ပုံလေးရဲ့ အကွေ့အဝိုက်အတိုင်းနေရာယူပြီးရင် ဖိထားတဲ့mouse ကိုလွှတ်လိုက်ပါ။

ဒါဆိုရင်ပန်းပွင့်ပုံလေးပေါ်မှာ ဦးစွာပထမ Path လမ်းလေးတစ်ခု စတင်တည်ဆောက်လိုက်ပြီပေါ့။

Path လမ်း လမ်းတစ်ခု အစပြု တည်ဆောက်ပြီးရင် ပန်းပွင့်လေးရဲ့ ပတ်ပတ်လည်ပြည့်အောင်ရှေ့ဆက်သွားရပါမယ်။

ဒီလို ရှေ့ဆက်သွားဖို့ အတွက် ဆုံးမှတ်မှာရှိနေတဲ့ အင်္ဂလိပ်အက္ခရာ (T) ပုံသဏ္ဍာန်မျိုး ကြိုးစလေးရဲ့ အလယ်က အစက်ကလေးကို keyboard က Altkey လေးကိုဖိပြီး ကလစ်တစ်ချက် နှိပ်ကာ မျှားခေါင်းကလေးရဲ့ လွဲနေတဲ့ ဦးတည်ချက်ကို ဖြတ်တောက်ပစ် လိုက်ရပါမယ်။

ဒီလို မဖြတ်တောက် ပစ်ဖူးဆိုရင် မျှားခေါင်းရဲ့ ဦးတည်ချက်က လွဲနေတဲ့အတွက် ကျွန်တော် တို့ လိုချင်တဲ့လမ်းကြောင်းကို ဆွဲယူလို့ရမှာမဟုတ်ဘူး။

ဆုံးမှတ်မှာ ကလစ်တစ်ချက်နှိပ်ပြီး အထက်ပါနည်းအတိုင်း ပန်းပွင့်လေးရဲ့အကွေ့၊အဝိုက် ကို တိကျစွာနဲ့ path လမ်းကြောင်းလေးကိုနေရာချထားပါ။

ဒီလိုနဲ့ ဖြည်းဖြည်းချင်း သွားပြီး ပန်းပွင့်ပုံလေး ပတ်ပတ်လည်မှာ pathလမ်းကြောင်းလေး ပြည့်လာပြီး စမှတ်ရဲ့ ပထမဆုံး အစက်ရာလေးပေါ်မှာဘဲ ထပ်မံပြီး ကလစ်တစ်ချက်နှိပ်ကာ ပေါင်းစပ် ပေးလိုက်ပါ။

ပန်းပွင့်ပုံလေး ပတ်ပတ်လည်မှာ path လမ်းလေး အပြည့်ဖြစ်နေပြီ ဆိုရင် သူ့ကိုselection ဖြစ်အောင်ပြုလုပ်ရပါမယ်။


Selection ဖြစ်ဖို့အတွက် ပန်းပွင့်ပုံလေးပေါ်မှာ mouse pointer လေးကိုတင်ပြီး mouseရဲ့ လက်ယာဖက် ခလုတ်လေးကို ကလစ်တစ်ချက်ပြုလုပ်လိုက်ပါ။

Command box ကလေးပေါ်လာပါ လိမ့်မည်။

ပုံ ( ၁၀၅ )



ပုံ ( ၁၀၆ )




ပုံ ( ၁၀၇ )



Make Selection ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက် နှိပ်လိုက်ပါ။ Make Selections box ကလေးပေါ်လာပါလိမ့်မယ်။ ပုံ ( ၁၀၆ ၊ ၁၀၈ ) တွင်ကြည့်ပါ။

ပုံ ( ၁၀၈ )





Feather Radius: မှာ (1) Pixels လို့ ရိုက်ထည့်လိုက်ပါ။ ပြီးရင် “ OK ”ကို ကလစ်တစ်ချက် နှိပ်လိုက်ပါ။

အစက်ရာလေးတွေ ပြေးနေတဲ့ Selection တစ်ခုကို မြင်တွေ့ရပြီပေါ့။ ပုံ ( ၁၀၇ )တွင် ကြည့်ပါ။

ဒါဆိုရင် Delete လုပ် ဖို့အတွက် Menu bar က Select ကို ကလစ်တစ်ချက်နှိပ်ပါ၊ Inverse ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ် ချက်နှိပ်ပါ။

ပြီးရင်တော့ keyboard က Delete ကို နှိပ်လိုက်မယ်ဆိုရင်ပန်းပွင့်ပုံလေးရဲ့အပြင်ဖက် ကပုံရိပ်တွေဟာ ပျောက်သွားပြီး ပန်းလေးတစ်ပွင့်ဘဲ ရှိနေပြီပေါ့။

ပုံ ( ၁၀၉ )




အစက်ရာလေးတွေပြေးနေတဲ့ Selection ကို ဖျောက်ပစ်ဖို့အတွက် keyboard က Ctrl + D ကို နှိပ်လိုက်ပါ ဒါမှမဟုတ်ရင်တော့ Select Menuထဲက Deselect ကိုရွေးချယ်ပြီး နှိပ်လိုက်ရင် အိုကေသွားပါလိမ့်မယ်။

Tool box ထဲက Move tool ကို ရွေးချယ်ပြီး ပန်းပွင့်ပုံလေးပေါ်မှာ ဖိဆွဲပြီး နေရာရွှေ့ပြောင်း ကြည့်ရှုနိုင်ပါပြီ။

# Tool box ထဲက Clone Stamp tool ကို အသုံးပြုခြင်း

ပုံ ( ၁၁၀ )




Tool box ထဲက Clone Stamp tool သည် ကျွန်တော်တို့ ရွေးချယ်ထားသော ပုံတစ်ပုံ၏ ဧရိယာအတွင်းမှ တစ်နေရာ၏ Pixels များကို အဆိုပါပုံ၏ အခြား အစိတ်အပိုင်းတစ်နေရာသို့ အစား ကိုး ဖြည့်သွင်းခြင်းများကို လုပ်ဆောင်ပေးနိုင်ပါသည်။

ပုံတစ်ပုံ၏ စုတ်ပြနေသော နေရာများကို ပုံစံတူ အရောင်များဖြည့်သွင်းနိုင်ခြင်း၊ညစ်ပေနေသောနေရာများ၊ အစက်အပြောက်များ၊ အစွန်းအထင်းများကို Clone Stamp too ဖြင့် ပြုပြင်ချယ်သပေး နိုင်ပါသည်။

Clone Stamp tool သည် တစ်နေရာမှ ပုံစံတစ်ခုကို copy ယူ၍ နောက်တစ်နေရာသို့ ပေးပို့ခြင်းနှင့် ဆင်တူပါသည်။

Clone Stamp tool ကို အသုံးပြုကြည့်ရန်အတွက် File > open မှတဆင့် စုတ်ပြနေသော Image File တစ်ခုကိုဖွင့်ထားပါ။

Photoshop မှာ မြင်တွေ့နေရသော Image File လေးရဲ့ စုတ်ပြနေသော နေရာများကို တစ်သားတည်းဖြစ်အောင် Clone Stamp tool ကို အသုံးပြု၍ အစားထိုးပြုပြင်ပါမည်။

Tool box ထဲက Clone Stamp tool ကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်လိုက်ပါ။

Clone Stamp tool ကိုရွေးချယ်ပြီးသည်နှင့် Tool options barတွင် လိုအပ်သည့် Settings များကို သတ်မှတ်ပါ။

ပုံ ( ၁၁၁ )



ပုံ ( ၁၁၂ )

Tool options bar



Bruspop-up palette မှ အလယ်အလတ်အရွယ်အစား (madium - size) နှင့် soft edge အမျိုးအစား Brush ကို ရယူပါ။ Soft Round ၏ အရွယ်အစားကို တန်ဖိုး (၂)တွင် ထားပါ။

Aligned option ရဲ့ လေးထောင့်ကွက်လေးထဲမှာ ကလစ်တစ်ချက်နှိပ်ပြီး အမှန်ခြစ်က လေးပေးပါ။

Clone Stamp tool ကို ရွေးချယ်ထားသော mouse ရဲ့ ညွှန်တံလေးသည် အဝိုင်းပုံက လေးအ ဖြစ် မြင်တွေ့နေပါလိမ့်မည်။

Key board မှ Alt key ကို ဖိလိုက်လျှင် ရိုးရိုးအဝိုင်းပုံစံမှ စက်ဝိုင်းအထပ်များပုံစံသို့ ပြောင်းလဲသွားပါလိမ့်မည်။

အသုံးပြုသည့်အခါ Image File ရဲ့ အကောင်းပကတိ ရှိနေသော နေရာမှ ပုံစံကို ယူ၍ စုတ်ပြနေသော နေရာသို့ သွားပြီး ပုံစံတူ အစားထိုး ဖာထေးခြင်းပင်ဖြစ်သည်။

အကောင်းဘက်က ပုံစံကိုရယူလိုသောအခါ keyboard မှ Alt key လေးကို ဖိထားပြီး တစ် နေရာတွင် ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ကလစ်တစ်ချက် နှိပ်လိုက်ခြင်းသည် ကလစ်နှိပ်လိုက်သော နေရာမှ ပုံစံကို ရယူလိုက်ခြင်း ဖြစ်သည်။


ဖိထားသော Alt key လေးကို လွှတ်လိုက်ပါ။ ရယူပြီးပုံစံကို စုတ်ပြဲနေသော နေရာသို့အစားထိုးဖြည့်သွင်းရန် mouse ရဲ့ ညွှန်တံလေးကို ရွှေ့ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ထိုအခါ စုတ်ပြဲနေသောနေရာတွင် အကောင်းဖက်မှ ယူလာသော ပုံစံ စတင်ရောက်ရှိနေပါလိမ့်မည်။

အထက်ပါနည်းအတိုင်း အကောင်းဖက်မှ ပုံစံတစ်ခုကို Alt key လေးကို ဖိကာ ကလစ်တစ်ချက်နှိပ်ပြီး ရယူပါ။

ပြီးရင်ဖိထားတဲ့ Alt key လေးကို လွှတ်လိုက်ပါ။

ပုံ ( ၁၁၃ )



စုတ်ပြဲနေသော နေရာသို့ mouse ရဲ့ညွှန်တံ အဝိုင်းလေးကို အရောက်သွားပြီး ကလစ်တစ်ချက်နှိပ်ကာအစားထိုးပါ။

Image File လေးရဲ့ စုတ်ပြဲနေသော နေရာလေးသည် အကောင်းဘက်နှင့် တစ်သားတည်းတူညီစွာ ရှိနေသည်ကို မြင်ရပါလိမ့်မည်။

လေ့ကျင့်ကြည့်ပါ။ Clone Stamp tool ကို သုံးတဲ့အခါမှာ ကိုယ့်ရဲ့ အတွေးအမြင်ကလည်းအရေးကြီးပါတယ်။

ကိုယ်ပြုလုပ်နေတဲ့ Image File ရဲ့ အစားထိုး ဖြည့်သွင်းမှုမှာ အနီးစပ်ဆုံးနဲ့အလိုက်ဖက်ဆုံးဖြစ်အောင် နေရာ ရွေးချယ်ရယူတတ်ဖို့လိုပါတယ်။

ဒီအခြေခံ အဆင့်လေးကို ကျွမ်းကျင်စွာ အသုံးပြုတတ်သွားရင် မိမိစိတ်ကူးနဲ့ Tool options bar မှာ ရှိတဲ့ opacity : နဲ့ Flow: မှာရှိတဲ့ တန်ဖိုးတွေကို အတိုးအလျှော့လုပ်ပြီး ထပ်မံလေ့ကျင့်နိုင်ပါ သေးတယ်။

ပုံ ( ၁၁၄ )



# Tool box ထဲက Patch tool

Tool box ထဲက Patch toolသည် ပုံဟောင်းပုံပျက်များကို ပြုပြင်ရာတွင် အလွန်အသုံးဝင်သော tool တစ်ခုဖြစ်ပါသည်။

ပုံ ( ၁၁၅ )





Patch tool သည် ဧရိယာတစ်ခုကို အလိုရှိသလောက် သတ်မှတ်နိုင်ပါသည်။ Healing Brushtool ရဲ့ အရောင်စပ်မှုများ အပါအဝင် Lasso tool ၏ ဆောင်ရွက်ချက်များကို ပေါင်းစပ်ထားသော ဆောင်ရွက်ချက်တစ်ခုလည်းဖြစ်သည်။

ကျွန်တော်တို့ အသုံးပြုမည့် Image File အဟောင်းအပျက်တစ်ခု၏ ပျက်စီးနေသော အစိတ်အပိုင်းများ၊ အစက်အပြောက်များ၊ အစွန်းအထင်းများကို နေရာတစ်ခု သတ်မှတ်၍ ၄င်းသတ်မှတ်လိုက်သော နေရာနှင့် အခြားတစ်နေရာမှ ပုံစံတူ ဧရိယာတစ်ခုကို ရွေးချယ်ပြီး အစားထိုးဖြည့်သွင်းခြင်းဖြစ်သည်။

ကျွန်တော်တို့ စတင်အသုံးပြုကြည့်ရအောင်ပါ။ File > open မှတစ်ဆင့် Image File အဟောင်းတစ်ခုကို Photoshop မှာ ဖွင့်ချလိုက်ပါ။

ပုံ ( ၁၁၆ )

Tool options bar



ပုံ ( ၁၁၇ )



ပုံ ( ၁၁၈ )



Tool box ထဲက Patchtool ကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်လိုက်ပါ။ Tool options bar ပေါ်တွင် Source ကိုလည်း ရွေးချယ်လိုက်ပါဦး။

ကျွန်တော်တို့ Photoshop မှာ ဖွင့်ချထားတဲ့ Image File ဟာ အစွန်းအထင်းအစက်အပြောက်များရှိနေတဲ့ File တစ်ခုပါ။

၎င်းအစွန်းအထင်း အစက်အပြောက်များကို Patch tool ကို အသုံးပြုပြီး ဖယ်ရှားပစ်ရပါမယ်။

Image File ရဲ့ အပြာရောင် ဘောင်လေးကို မြင်ကွင်းကနေ ခေတ္တ ဖယ်ထုတ်လိုက်ပါဦး။ Maximize ကို ကလစ်တစ်ချက်နှိပ်လိုက်ရင် ရပါပြီ။

Image File ဟာ ကျွန်တော်တို့ရဲ့ မြင်ကွင်းမှာ သေးနေမယ်ဆိုရင် keyboard က Ctrl key လေးကိုဖိပြီး (+) key လေးကို တစ်ချက်ခြင်း ဖိလိုက်ပြီး သင့်တော်ရုံလောက်ချဲ့ပေးပါ။

Image File ဧရိယာထဲက အစက်အပြောက်တစ်ခုကို Patch tool အဝိုင်းလေးပေါ်မှာ mouse ကို ဖိထားပြီး အရောင်အသွေးတူသော အခြားတစ်နေရာသို့ drag ဆွဲယူလာပါ။

ဆွဲယူလာပြီးလျှင် ဖိထားသော mouse ကို လွှတ်လိုက်ပါ။ ထိုအခါ ဝိုင်းထားသော အစက်အပြောက် တစ်ခုပေါ်သို့ အရောင်အသွေးတူသော အခြားနေရာမှ ဧရိယာတစ်ခုက ဖုံးလွှမ်းသွားပါလိမ့်မည်။


ဒီလိုဘဲ နောက်အစက်အပြောက် တစ်ခုကိုလည်း Patchtool ဖြင့် ဝိုင်းလိုက်ပါဦး၊ ပြီးရင် ဘေးဝန်းကျင်မှ ဝိုင်းထားသော ဧရိယာနှင့်ဆင်တူသည့်နေရာဆီသို့ အစက်ရာလေးတွေပြေးနေသော Selections အဝိုင်းလေးပေါ်မှ mouse ကို ဖိကာဆွဲယူလာပြီးလွှတ်လိုက်ပါ။

ဝိုင်းထားသော ဧရိယာလေးအတွင်းမှ အစက်ရာလေးပေါ်သို့ အခြားနေရာမှ ပုံစံတူ အရောင်အသွေးတစ်ခု ဖုံးလွှမ်းသွားပါလိမ့်မည်။

ဤနည်းအတိုင်း အစွန်းအထင်းများ၊အစက်အပြောက်များ အားလုံးကို အစားထိုးဖြည့်သွင်းချယ်သနိုင်ပါသည်။

အားလုံးပြီးသွားရင်တော့ Menubar မှ Select ကို ကလစ်တစ်ချက်နှိပ်ပြီး Deselect ကို ရွေးချယ်ပေးလိုက်ပါ။

ပုံ ( ၁၁၉ )




## File အသစ်တွေကိုဖွင့်လှစ်စို့


(၁) Menu bar မှ File ကို ကလစ်တစ်ချက်နှိပ်ပါ။

(၂) New ကို ကလစ်တစ်ချက်နှိပ်ပါ။


ပုံ (၁၂၀)



ပုံ (၁၂၁)



ပုံ (၁၂၄)




( ၃) New box ထဲမှ မိမိ လိုချင်သော File size နှင့် Resolution တို့ကို သတ်မှတ်ပါ။

ဥပမာ- 8"x10" size လိုချင်လျှင်

Width : မှာ 8

Height : မှာ 10

Resolution : မှာ 300 လို့ ရိုက်ထည့်ပါ။

Color Mode ကတော့ ဓါတ်ပုံဆိုရင် RGB Color

ပုံနှိပ်ထုတ်မည်ဆိုလျှင် CMYK Color ကိုရွေးချယ်ပါ။

Background Contents: ကတော့ White ကိုဘဲ ရွေးချယ်ပြီး OK မှာ ကလစ်လုပ်လိုက်ရင်ရပါပြီ။

## အသားအရည်ချောမွေ့အောင် ပြုလုပ်ကြည့်မယ်


သည်သင်ခန်းစာကတော့ ကျွန်တော်တို့ ကင်မရာနဲ့ ရိုက်ထားတဲ့အလှဓါတ်ပုံလေးတွေကို Print မထုတ်ခင်မှာ အသားအရည်လေးတွေ ဝင်းမွတ်ချောမွေ့နေအောင် ပြုလုပ်နည်းလေးပါ။

အသားအရည် ချောမွေ့အောင် ပြုလုပ်တဲ့ အဆင့်မြင့်နည်းပညာတွေ အများကြီးရှိပေမဲ့ စတင်လေ့လာသူတို့ အတွက် အလွယ်ကူဆုံးဖြစ်မဲ့ နည်းလေးကိုဘဲ ရွေးချယ် တင်ပြပေးလိုက်ပါတယ်။

File > open မှ တစ်ဆင့် မိမိပြုလုပ်ချင်တဲ့ Image File လေးကို Photo Shop မှာ ဖွင့်ချလိုက်ပါ။

Image File ရဲ့ အပြာရောင်ဘောင်လေးကို မြင်ကွင်းမှ ဖယ်ထုတ်လုပ်ပါ။ ဒီလိုဖယ်ထုတ်ဖို့အတွက် Maximize ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၂၄ )




Tool box ထဲက Magic wand tool ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။ Tool option bar မှာ လိုအပ်သည့် Settings များကို သတ်မှတ်ပါ။

Tolerance 30 ရိုက်ထည့်ပါ။ Anti - alias နဲ့ Contiguous ရဲ့ လေးထောင့်ကွက် ထဲမှာအမှန်ခြစ် ကလေးတွေပေးပါ။

လူပုံရဲ့မျက်နှာနဲ့ လက်တွေပေါ်မှာ mouse pointer လေးကို ရောက်အောင်သွားပြီး keyboard ပေါ်က Shift Key လေးကို ဖိထားကာ ကလစ်တစ်ချက်စီအသားအရည်ပေါ်မှာ ပျံ့နှံ့အောင်နှိပ်ပါ။

အသားအရည်အားလုံးပေါ်မှာ Selection area တွေ ပြည့်နေတာကို မြင်ရပါလိမ့်မယ်။

ပုံ ( ၁၂၅ )




ပုံ ( ၁၂၆ )

<u>Tool options bar</u>




ပုံ ( ၁၂၇ )




* Menu bar မှ Select ကို ကလစ်တစ်ချက်နှိပ်ပြီး modify ကိုသွားပါ။
*Feather ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။
ဒါမှမဟုတ်ရင်တော့ key board Ctrl + Alt + D ကို အသုံးပြုပါ။


ပုံ ( ၁၂၈ )




*Feather Selection box ကလေးပေါ်လာပါလိမ့်မည်။

*Feather Radius 10 Pixels ရိုက်ထည့်ပြီး OK ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ပုံ ( ၁၃၀ ) အတိုင်း မြင်ရပါလိမ့်မည်။

ပုံ ( ၁၂၉ )




ပုံ ( ၁၃၀ )



*Menu bar မှ Filter ကို ကလစ်တစ်ချက်နှိပ်ပါ။
Blur ကိုသွားပါ။ Surface Blur ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။
*Surface Blur box ကလေးပေါ်လာပါလိမ့်မည်။

ပုံ ( ၁၃၁ )



*Radius မှာ 5 Pixels ရိုက်ထည့်ပြီး Threshold: မှာ 15 Levels ကို ရိုက်ထည့်ပါ။

ပုံ ( ၁၃၂ )



ဒါမှမဟုတ်ရင် တော့ Silder တုံးကလေးတွေကို ရွှေ့ပေးပြီး လိုအပ်သလိုချိန်ညှိနိုင်ပါသေးသည်။

*OK မှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ။

*Selections area အတွင်းက အသားအရည်တွေဟာ ချောမွေ့သွားတာကို တွေ့ရပါလိမ့်မယ် ။

ပုံ (၁၃၃ )





*Menu bar မှ Select ကို ကလစ်တစ်ချက်နှိပ်ပြီး Deselect ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

အစက်ရာလေးတွေပြေးနေတဲ့ Selections တွေပျောက်ကွယ်သွားပါလိမ့်မယ်။

ဆက်လက်ပြီး အသားအရည်မှာ ကွက်ပြီးကျန်နေတဲ့ ကြမ်းတမ်းတဲ့နေရာလေးတွေ အနားစွန်းတွေကို Tool box ထဲက Blur Tool ကို ရွေးချယ်ပြီး ပွတ်တိုက်ပေးရပါအုံးမယ်။

*Tool box ထဲက Blur tool ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၁၃၄ )




*Tool options bar က Strength: မှာ 10% ရိုက်ထည့်ပါ။

ပုံ ( ၁၃၅ )

Tool options bar



*အသားအရည်ပေါ်မှ ကြမ်းတမ်းပြီးကွက်နေတဲ့ နေရာလေးတွေကို လိုက်ပြီး ပွတ်တိုက်ပေးလိုက်ပါ။

ပုံ ( ၁၃၆ )



ပုံ ( ၁၃၇ )



*ပြီးရင်တော့ *Menu bar* မှ *File* ကို ကလစ်တစ်ချက်နှိပ်ပြီး *Save As* ကို ရွေးချယ်ကာ သိမ်းထားနိုင်ပါပြီ။




# စုတ်ချက်ကြမ်းကြမ်းပန်းချီ

* သည် သင်ခန်းစာလေးမှာ ဓါတ်ပုံတစ်ပုံကို ပန်းချီစုတ်ချက်ကြမ်းကြမ်းနဲ့ ရေးဆွဲထားသလိုမျိုး ဖန်တီးထား ခြင်းပါ။

* သင်ပြုလုပ်ကြည့်ချင်တဲ့ Image File လေးကို File>open မှ တစ်ဆင့် Photoshop မှာ ဖွင့်ချလိုက်ပါ။

ပုံ ( ၁၃၈ )




* မြင်ကွင်းကနေ ဖယ်ထုတ်ဖို့အတွက် maximize ကို ရွေးချယ်ကလစ်တစ်ချက်နှိပ်လိုက်ပါ။

* Menu bar မှ Filter ကို ကလစ်တစ်ချက်နှိပ်ပါ။

* Artistic ကို ထပ်မံရွေးချယ်ပြီး Dry Brush ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ (၁၃၉ )




* Artistic Menu ထဲမှ Dry Brush ကို ရွေးချယ်လိုက်ပါ။

Dry Brush ကို ရွေးချယ်ပြီးသောအခါ

* Brush Size


* Brush Detail

* Texture တို့၏ တန်ဖိုးများကို မိမိလိုအပ်သလို သတ်မှတ်နိုင်ပါတယ်။

ထိုသို့သတ်မှတ်ရာတွင် ၎င်းတို့၏ တန်ဖိုးများကို စာဖြင့် ရိုက်ထည့်နိုင်သလို မျှားခေါင်း

ပုံ Slider လေးကို mouse ဖြင့်ဖိဆွဲပြီး ချိန်ဆနိုင်ပါသေးတယ်။

ပုံ ( ၁၃၉ )



*Brush Size ရဲ့ တန်ဖိုးဟာ 0% မှ 10% ရှိပြီး

* Brush Detail ရဲ့ တန်ဖိုးဟာလည်း 0% မှ 10% ထိရှိပါတယ်။

* Texture ကတော့ 1% မှ 3% ထိဘဲရှိပါတယ်။


*နမူနာ အနေနဲ့

* Brush Size ကို 1 မှာ ထားပါ။

* Brush Detail ကို 7 မှာထားပါ။

* Texture ကို 2 မှာ ထားပါ။

ပုံ (၁၄၀ )




*OK ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။ ကျွန်တော်တို့ပြုလုပ်နေတဲ့ Image File လေး ဟာ စုတ်ချက်ကြမ်းကြမ်း နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်လို ဖြစ်လို့သွားပါပြီ။

ပုံ (၁၄၁ )






* သည် သင်ခန်းစာလေးမှာတော့ လူပုံတွေရဲ့ နောက်ခံ Background တွေကို ဆန်းသစ်လှပတဲ့ view လေးတွေ နဲ့ အစားထိုးကြည့်ပါမယ်။

* File > Open မှ Image File တစ်ခုကို Photoshop မှာ ဖွင့်ချလိုက်ပါ။ နမူနာအနေနဲ့ Baby ပုံလေးကို ဖွင့်လိုက်ပါတယ်။

maximize


ပုံ ( ၁၄၂ )



*Layer Palette မှာ Background အမည်နဲ့ ရှိနေတဲ့အလွှာလေးရဲ့ သော့ပုံလေးကို ကလစ်နှစ်ချက်နှိပ် လိုက်ပါ။

ပုံ ( ၁၄၃ )


Layer Palette




*New Layer box ပေါ်လာပါလိမ့်မည်။


*Name: မှာ Baby လို့ ရိုက်ထည့်လိုက်ပြီး OK ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၄၄ )



*Tool box ထဲက Pentool ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။


ပုံ ( ၁၄၅ )




*Tool option bar မှာ လိုအပ်သည့် Settings များကို သတ်မှတ်ပါ။

ပုံ ( ၁၄၆ )

Tool option bar



*Pentool ကို အသုံးပြုပြီး Baby ပုံလေးရဲ့ ပတ်လည်ကို Path လမ်းကြောင်းလေးပေးပါ။

ပုံ ( ၁၄၇ )



*စမှတ်နှင့်ဆုံးမှတ်ဆုံလျှင် mouse မှ Right ကလစ်နှိပ်ပါ။


*Command box ထဲမှ Make Selection ကို ရွေးချယ်ပြီးနှိပ်ပါ။

ပုံ ( ၁၄၈ )



*Make Selection box ပေါ်လာလျှင် Feather Radius : မှာ 1 Pixels ရိုက်ထည့်လိုက်ပြီး OK ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၄၉ )





*Baby ပုံလေးရဲ့ ဘေးပတ်လည်တစ်လျှောက် အစက်ရာလေးတွေပြေးနေတဲ့ Selections area ကို မြင်တွေ့ရမှာပါ။

ပုံ ( ၁၅၀ )




*Menu bar မှ Select ကို ကလစ်တစ်ချက်နှိပ်ပါ။ Inverse ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၁၅၁ )



*Keyboard မှ Delete ကို နှိပ်လိုက်ပါ။


ပုံ ( ၁၅၂ )



*Menu bar မှ Select ကို တစ်ချက်နှိပ်ပြီး Deselect ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ကာ Selections ကို ဖြုတ်ပါ။


*ဒါမှမဟုတ်ရင်တော့ Keyboard ကCtrl +D ကို အသုံးပြုပါ။

ပုံ ( ၁၅၃ )




*File open မှ တစ်ဆင့်မိမိကြိုက်နှစ်သက်ရာ လိုက်ဖက်မည့် Background view ကို ရွေးချယ်ဖွင့်လိုက်ပါ။

ပုံ ( ၁၅၄ )



*Tool box ထဲက Move tool ကို ရွေးချယ်အသုံးပြုပြီး Baby Picture File ပေါ်သို့ Background view ကို ဆွဲထည့်ပါ။

ပုံ ( ၁၅၅ )




ပုံ ( ၁၅၆ )


Baby Picture File ပေါ်သို့ Background view ကို ဆွဲထည့်ပုံ




*Layer Palette မှာ အလွှာနှစ်ခုကို အပေါ်အောက်ချိန်းပေးပါ။

*Baby picture Layer က အပေါ်ကရှိနေပါစေ ။

ပုံ ( ၁၅၇ )




ပုံ ( ၁၅၈ )



*Baby picture Layer က အပေါ်ကရှိနေပါစေ ။


*Menu bar မှ Edit ကို ကလစ်တစ်ချက်နှိပ်ပြီး Free Transform ကို ရွေးချယ်ပါ။

ပုံ ( ၁၅၉ )



*Keyboard မှာ Shift Key ကို တစ်ဖက်ကဖိထားပြီး Free Transform area ရဲ့ ထောင့်များမှ mouse ကို ဖိကာ အပေါ်အောက်လိုအပ်သလို ချိန်ညှိကာ နေရာချထားပါ။

ပုံ ( ၁၆၀ )



ပုံ ( ၁၆၁ )



* စိတ်ကြိုက်ဖြစ်ရင်တော့ keyboard က Enter key ကို နှိပ်လိုက်ပါ။

* Baby picture ရဲ့နောက်မှာ လှပတဲ့ Background view လေးအဖြစ် ရောက်ရှိနေပါပြီ ။

* Background view နဲ့ Baby Picture ရဲ့ အနိမ့်အမြင့်အကြီးအသေးများကို ပြုလုပ်ချင်ရင်တော့ Layer palette မှာ ပြုလုပ်ချင်တဲ့အလွှာကို အရင်ရွေးချယ်ပြီးမှ Edit ထဲမှ Free Transform နဲ့လိုအပ်သလို ချိန်ညှိနိုင်ပါတယ်။

* စိတ်ကြိုက်ဖြစ်ရင်တော့ File ထဲမှ Save As ကို ရွေးချယ်ပြီးသိမ်းလိုက်ပါ။

# Background အရောင်တွေပြောင်းရအောင်

*File > open မှ တစ်ဆင့် မိမိပြုလုပ်မည့် Image File တစ်ခုကို Photoshop မှာ ဖွင့်လိုက်ပါ။

*Photoshop မှာ မြင်နေရသော Image File လေးရဲ့ အပြာရောင်ဘောင်လေးကို မြင်ကွင်းကနေ ခေတ္တ ဖယ်ထုတ်လိုက်ပါ။

*ဒီလိုမြင်ကွင်းကနေ ဖယ်ထုတ်ဖို့အတွက် Maximize ကို ကလစ်တစ်ချက် နှိပ်လိုက်ပါ


ပုံ ( ၁၆၂ )



*Image File လေးဟာ မြင်ကွင်းမှာ သေးနေလျှင် keyboard က Ctrl key လေးကို ဖိပြီး (+) key လေးကို နှိပ်ပါ။

*Tool box မှ Pentool ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။


ပုံ ( ၁၆၃ )




*Tool options bar တွင် လိုအပ်သည့် Settings များကို သတ်မှတ်ပါ။

ပုံ ( ၁၆၄ )

Tool options bar



*Layer Palette တွင် Background အမည်ဖြင့်ရှိနေသော Image အလွှာလေးရဲ့ သော့ပုံပေါ်မှာ ကလစ် နှစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၆၅ )


Layer Palette




*New Layer Box ပေါ်လာပါလိမ့်မည်။

*Name တွင် အမည်တစ်ခုရိုက်ထည့်၍ OK ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။


ပုံ ( ၁၆၆ )



*Menu bar မှ Layer ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။


New > Layer ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၁၆၇ )




*New Layer box ပေါ်လာလျှင် Name : တွင် Background ဟု ရိုက်ထည့်ပြီး OK ကို ကလစ်တစ်ချက် နှိပ်ပါ။

ပုံ ( ၁၆၈ )



*Layer palette တွင် အလွှာနှစ်လွှာကို အပေါ်အောက်ချိန်ပေးပါ။
*Image Layer ကို ရွေးချယ်ထားပါ။

ပုံ ( ၁၆၉ )




ပုံ ( ၁၇၀ )



*Pentool ကို အသုံးပြုပြီး လူပုံရဲ့ ပတ်လည်ကို Path လမ်းကြောင်းလေး ပြုလုပ်ပါ။


ပုံ ( ၁၇၁ )



*စမှတ်နှင့်ဆုံးမှတ်တို့ဆုံလျှင် mouse ရဲ့ Right ကို ကလစ်တစ်ချက်နှိပ်ပါ။

*Commend box ထဲမှ Make Selection ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။


ပုံ ( ၁၇၂ )



*Make Selection box ကလေးကျလာပါလိမ့်မည်။

*Feather Radius တွင် 1 Pixels ကို ရိုက်ထည့်ပြီး OK မှာ ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၁၇၃ )




*လူပုံရဲ့ ပတ်လည်တစ်လျှောက် အစက်ရာလေးတွေပြေးနေတဲ့ Selections area ကို တွေ့မြင်ရမှာပါ။


ပုံ ( ၁၇၄ )



*Menu bar မှ Select ကို ကလစ်တစ်ချက်နှိပ်လိုက်ပြီး Inverse ကို ထပ်မံရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ် လိုက်ပါ။


*Selection area သည် လူပုံ၏ အတွင်းဖက်ရေိယာမှ အပြင်ဖက်ရေိယာသို့ ပြောင်းလဲသွားပါလိမ့်မည်။

ပုံ ( ၁၇၅ )



*Keyboard မှ Delete ကို နှိပ်လိုက်ပါ။

ပုံ ( ၁၇၆ )




*လူပုံ၏ဘေးပတ်လည်မှ Background အဟောင်းက ပျက်သွားပါလိမ့်မယ်။

*Layer palette တွင် Background Layer ကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်ပါ။


ပုံ ( ၁၇၇ )

Layer palette




*Tool box ထဲမှ Gradient tool ကို ရွေးချယ်ပါ။


ပုံ ( ၁၇၈ )



*Tool options bar မှ Gradient Picker လေးထောင့်ကွက်လေးထဲက မြှားခေါင်း ပုံလေးကို ကလစ် တစ်ချက်နှိပ်လိုက်လျှင် စိတ်ကြိုက်ရောင်စဉ်ကွက်များကို ရွေးချယ်ရ ယူနိုင်ပါတယ်။

ပုံ ( ၁၃၉ )

Tool options bar



*Gradient Picker ရဲ့ ဘေးမှာ

Linear Gradient


Angle Gradient


Radial Gradient


Reflected Gradient


Diamond Gradient လည်းဘဲ Gradient Style များကို စိတ်ကြိုက်ရွေးချယ်နိုင်ပါ သေးတယ်။

 Linear Gradient

 Angle Gradient

 Radial Gradient

 Reflected Gradient

 Diamond Gradient


*စိတ်ကြိုက်ရွေးချယ်ပြီးရင်တော့ Image File ရဲ့ အပေါ် ဘက်ထောင့်ဆီမှာ Mouse pointer ကို ရောက်အောင်သွားပြီး အောက်ဖက်သို့ ထောင့်ဖြတ်အတိုင်း ဖိဆွဲယူကာ လွှတ်လိုက်ပါ။

ပုံ ( ၁၈၀ )



*Gradient picker မှာ မိမိရွေးချယ်ထားသော Gradient color ဟာ Background အဖြစ်နဲ့ မြင်တွေ့ ရပြီပေါ့ ။

ပုံ (၁၈၁ )



*စိတ်ကြိုက်မဖြစ်သေးလျှင် keyboard မှ Ctrl + Z နှင့် Ctrl + Alt + Z တို့ကို အသုံးပြုပြီး Gradient color များကို ရွေးချယ်အသုံးပြုနိုင်ပါသေးတယ်။

*သင်စိတ်တိုင်းကျ အရောင်းတွေကို ရရင်တော့ File ထဲမှ Save As ကို ရွေးချယ်ပြီး သိမ်းလိုက်ပါ။

# အုတ်ကွက်နံရံ Background နဲ့ လှပနေသော မိန်းကလေး

*သည်သင်ခန်းစာလေးမှာတော့ မတ်တပ်ရပ်နေတဲ့ မိန်းကလေးတစ်ဦးရဲ့ နောက်ခံ Background ကို အုတ်ကွက်ပုံစံလေးတွေအဖြစ် ပြောင်းလဲပစ်ပါမယ်။

*File > open မှ တစ်ဆင့် Image File လေးကို Photoshop မှာ ဖွင့်ချလိုက်ပါ။

*Image File ရဲ့ အပြာရောင်ဘောင်လေးကို မြင်ကွင်းကနေ ဖယ်ထုတ်လိုက်ပါ။

*အပြာရောင်ဘားလေးကို မြင်ကွင်းမှ ဖယ်ထုတ်ဖို့အတွက် Maximize ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၈၂ )


Maximize



*Layer palette မှာ Background အမည်နဲ့ အလွှာလေးရဲ့ သော့ပုံပေါ်မှာ ကလစ်နှစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၈၃ )


## Layer palette




*New Layer box ကလေးပေါ်လာပါလိမ့်မည်။


*Name မှာ Beauty girl လို့ ရိုက်ထည့်လိုက်ပြီး OK မှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၈၄ )



*Tool box မှ Pentool ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၈၅ )




*Tool option bar မှာ လိုအပ်သည့် Settings များကို သတ်မှတ်ပါ။

ပုံ ( ၁၈၆ )

Tool option bar



*Pentool ကို စတင်အသုံးပြုရန်အတွက် Image File ရဲ့မြင်ကွင်းကို ချဲ့ပါ။

*Key board မှ Ctrl key ကိုဖိထားပြီး (+) key လေးကို နှိပ်ပါ။

*Pentool ကို အသုံးပြုပြီး မိန်းကလေးပုံတစ်ခုလုံးကို Path လမ်းကြောင်းလေးပေးပါ။

ပုံ ( ၁၈၇ )


Path လမ်းကြောင်းပေးထားပုံ



*စမှတ်နှင့် ဆုံးမှတ်ဆုံသောအခါ Mouse ရဲ့ Right ကလစ်ကို တစ်ချက်နှိပ်ပါ။

*Commend box ပေါ်လာလျှင် Make Selection ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။


ပုံ ( ၁၈၈ )



*Make Selection box ကလေးပေါ်လာပါလိမ့်မည်။

*Feather Redius : တွင် 1 Pixels ရိုက်ထည့်ပြီး OK မှာ ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၁၈၈ )



*မိန်းကလေးပုံ၏ ဘေးပတ်လည်တွင် အစက်ရာလေးတွေ ပြေးနေသော Selections area တစ်ခုကို တွေ့မြင်ရပါမည်။

ပုံ ( ၁၈၉ )



*အစက်ရာလေးတွေ ပြေးနေသော Selections area ၏ အတွင်း Selections area မှ အပြင် Selections area အဖြစ် ပြောင်းလဲပေးရပါမည်။

*Menu bar မှ Select ကို ကလစ်တစ်ချက်နှိပ်ပါ။

*Inverse ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။


ပုံ ( ၁၉၀ )



*Menu bar မှ Select ကို ကလစ်တစ်ချက်နှိပ်ပြီး Modify ကိုသွားပါ၊

Feather ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။


ပုံ ( ၁၉၁ )



*Feather selection Box ကလေးပေါ်လာပါလိမ့်မည်။

*Feather Redius: တွင် 1 pixels ရိုက်ထည့်ပြီး OK မှာကလစ်လုပ်ပါ။


ပုံ ( ၁၉၂ )




*Keyboard မှ Delete ကို နှိပ်ပါ။

*မိန်းကလေးပုံ၏နောက်ခံ Background အရောင်များပျက်သွားပါလိမ့်မည်။


ပုံ ( ၁၉၃ )



*Menu bar မှ Layer ကို ကလစ်တစ်ချက်နှိပ်ပါ။

*New ကို ရွေးချယ်ပြီး **Layer** ကို ကလစ်တစ်ချက်နှိပ်ပါ။


ပုံ ( ၁၉၄ )



*New Layer box ကလေး ပေါ်လာပါလိမ့်မည်။

*Name: တွင် Background ဟု ရိုက်ထည့်ပြီး OK မှာ ကလစ်တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၁၉၅ )



*Layer Palette တွင် Background အလွှာနှင့် Beauty girl အလွှာကို အပေါ် အောက်ချိန်းပေးပါ။

ပုံ ( ၁၉၆ )

Layer Palette




*Background အလွှာကအောက်မှာ ရှိနေပါစေ။ ထို Background အလွှာကို ရွေးချယ်ထားပါ။


ပုံ ( ၁၉၇ )

Layer Palette



*Tool box ထဲမှ Rectangle tool ကို ရွေးချယ်ပြီး ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၁၉၈ )




*Tool option bar မှ Style picker ရဲ့ မြှားခေါင်းကလေးကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။

*Style picket box ထဲမှ Brick wall ကို ရွေးချယ်လိုက်ပါ။

ပုံ ( ၁၉၉ )

Style picket box ထဲမှ Brick wall




*Image File ရဲ့ အပေါ်ဆုံး ထောင့်ဖက်တွင် mouse pointer လေးကို ရောက်အောင်သွားပြီး ထောင့်ဖြတ် အတိုင်း အောက်ဖက်ထိ ဖိဆွဲပါ။

*မိန်းကလေးပုံ၏ ခြေမျက်စိအထက်နားလောက်ရောက်အောင် Mouse ကို လွှတ်လိုက်ပါ။

*အုတ်ကွက်နံရံတစ်ခုကို သင်မြင်တွေ့ရပါပြီ။

*Keyboard မှ Enter ကို တစ်ချက်နှိပ်လိုက်ပါ။

ပုံ ( ၂၀၀ )



*Menu bar မှ Layer ကို ကလစ်တစ်ချက်နှိပ်ပါ။

*New ကိုသွားပြီး Layer ကို ကလစ်တစ်ချက်နှိပ်ကာ Layer အသစ်ကို ယူပါ။


ပုံ ( ၂၀၁ )



*New Layer box ကလေးပေါ်လာပါလိမ့်မည်။

*Name: တွင် Background -2 ဟု ရိုက်ထည့်ပြီး OK ကို ကလစ်တစ်ချက်နှိပ်ပါ။

ပုံ ( ၂၀၂ )



*Layer palette တွင် Background - 2 ကို အောက်ဆုံးသို့ ပြောင်းပေးပါ။

ပုံ ( ၂၀၃ )

Layer palette



ပုံ ( ၂၀၄ )

Layer palette




*Tool options bar မှ Style picker ကို ကလစ်တစ်ချက်နှိပ်ပြီး Asphalt ကိုရွေးချယ်ကာ ကလစ်တစ်ချက် နှိပ်ပါ။

ပုံ ( ၂၀၅ )





*Image File အပေါ်ဆုံးထောင့်မှ အောက်ဆုံးထိ ထောင့်ဖြတ်အတိုင်း mouse ကို ဖိဆွဲကာ လွှတ်လိုက်ပါ။

*Keyboard မှ Enter ကို တစ်ချက်နှိပ်လိုက်ပါ။

*ခြေနင်းကြမ်းပြင်ပုံစံ Background တစ်ခုကို ထပ်မံမြင်တွေ့ရပါပြီ ။

ပုံ ( ၂၀၆ )



*Layer Palette တွင် Beauty girl အလွှာကို ကလစ်တစ်ချက်နှိပ်ပြီး ရွေးချယ်ထားပါ။

ပုံ ( ၂၀၇ )


Layer Palette



*Menu bar မှ Layer ကို ကလစ်တစ်ချက်နှိပ်လိုက်ပါ။


*Layer Style ကို သွားပြီး Laye Style box ထဲမှ Drop Shadow ကို ရွေးချယ်ပြီး ကလစ်တစ်ချက် နှိပ်လိုက်ပါ။

ပုံ ( ၂၀၈ )



*Layer Style box ကလေးပေါ်လာပါလိမ့်မည်။

ပုံ ( ၂၀၉ )



*Layer Style box ထဲမှ apacity: တွင် 60% ကို ထည့်ရိုက်ပါ။ (သို့) Sliderတုံးကလေးကို ရွှေ့ပေးပါ။

*Angle ကို 30 ရိုက်ထည့်ပါ။

*Distance : မှာ 10 %


*Spread : မှာ 14 %

*Size မှာ 8 px ဟုရိုက်ထည့်ပြီး OKကို ကလစ်တစ်ချက် နှိပ်လိုက်ပါ။

*အုတ်ကွက်နံရံတွင် မိန်းကလေးရဲ့ အရိပ်ကလေးကျနေသည်ကို သဘာဝကျစွာ မြင်တွေ့ရပါလိမ့်မည်။

*Menu bar မှ File ကို ကလစ်စတစ်ချက်နှိပ်ပြီး Save As ကို ရွေးချယ်ပြီး သိမ်းထားလိုက်ပါ။

ပုံ ( ၂၁၀ )



# Photoshop

ကမ္ဘာသို့ အလည်တစ်ခေါက်လာခဲ့ပါ

## Photoshop၏လျှို့ဝှက်ချက်များ

ဦးအောင်နိုင်မော်